
ဧဒဝ
ကျွန်နော့်အမေ (သို့) မိုးကောင်းကင်ကိုပွင့်ခဲ့သူ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျက်နှာဖုံးပန်းချီဒီဇိုင်း
စံဦး

အတွင်းဒီဇိုင်း
မြတ်သန္တာဦး

အုပ်ရေ
၁၀၀၀

တန်ဖိုး
၁၅၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ရောဝတီပုံနှိပ်လုပ်ငန်း(၀၅၅၆၇)
အမှတ်(၂၃)၊ ၃၈ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးနေမျိုး(နေမျိုးစာပေဒေသာ)၊ အမှတ်(၁)၊သုမင်္ဂလာလမ်း၊
(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
တိုက် ၁၃၊ အခန်း - (၇၉၀၀)၊ ပြည်နိုင်မှန်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၃၈၂၀၄၊ ၀၉ ၇၃၀၇၈၅၇၈၅
၀၉ ၅၅၂၀၅၃၂၂၄၊ ၀၉၄၄၂၀၄၇၅၇

# ကျွန်တော့်အဖေ (သို့) မိုးကောင်းကင်ကိုဖွင့်ပေးခဲ့သူ

ဧသ၀

Shwe Myint Ma Kha-Media Group Co., Ltd.

တိုက် ၁၇၊ အခန်း - (၅၀၀)၊ ပြည်နိုင်မွန်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၃၈၂၈၉၊ ၀၉ ၅၃၀၅၆၅၅၅
၀၉ ၅၃၂၀၅၃၂၂၈၊ ၀၉၄၅၂၀၉၄၅၅၇

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျက်နှာဖုံးပန်းချီဒီဇိုင်း
စံဦး

အတွင်းဒီဇိုင်း
မြတ်သန္တာဦး

အုပ်ရေ
၁၀၀၀

တန်ဖိုး
၁၅၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ရောဝတီပုံနှိပ်လုပ်ငန်း(၀၄၄၅၆၇)
အမှတ်(၂၃)၊ ၃၈ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးနေမျိုး(နေမျိုးစာပေဒေသာ)၊ အမှတ်(၁)၊ သုမင်္ဂလာလမ်း၊
(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
တိုက် ၁၅၊ အခန်း - (၇၉၀၀)၊ ပြည်ခိုင်မွန်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၃၈၂၈၄၊ ၀၉ ၅၃၀၅၆၅၅၅
၀၉ ၅၁၂၀၅၃၂၄၊ ၀၉၄၉၉၂၈၄၅၅၇

# ကျွန်တော့်အဖေ (သို့) မိုးကောင်းကင်ကိုဖွင့်ပေးခဲ့သူ

၆၃၀

Shwe Myint Ma Kha Media Group Co., Ltd.

တိုက် ၁၀၄၊ အခန်း - (၇၉၀၀)၊ ပြည်ရိပ်မွန်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ ၅၃၈၂၈၄၊ ၀၉ ၇၃၀၇၆၅၅၅
၀၉ ၇၃၂၀၅၃၂၈၊ ၀၉၄၅၂၈၇၉၅၇

# မာတိကာ


၁။ သားစိုးစိုးလွင်အတွက် အမှာစာ ၇

၂။ မိုးကောင်းကင်ကိုကြည့်ရအောင် ၁၀

၃။ ကျွန်တော့်အဖေ (သို့) မိုးကောင်းကင်ကို ဖွင့်ပေးခဲ့သူ ၁၃

၄။ အကြောင်း၏အကျိုး ၅၅

၅။ ကာလတန်ဖိုး ၆၂

## ◉ သားရိုးစိုးလွင်အတွက် အမှာစာ

ဝင်းငြိမ်း

ကျွန်တော်က စာရင်းအင်းပညာနဲ့ ဘွဲ့ရခဲ့တာဖြစ်ပေမဲ့ စိတ်ဓာတ်အား ဖြင့်တော့ အနုပညာဘက်မှာ စိတ်သန်ပါတယ်။ ဒါကြောင့် တမရေးဖြစ် သေးခင် မှာကတည်းက အနုပညာသမားများနဲ့ တွေးရောယှက်တင်ရှိခဲ့တာပါ။ ၁၉၇၇ ခုနှစ်လောက်ကစပြီး ရန်ကုန်မြို့ပေါ်မှာရှိတဲ့ မြို့နယ်ဓာတ်ရုံများမှာ စတေ့ရှိုး တွေ ကိုပွဲသွင်းတဲ့ကန်ထရိုက်အဖြစ် ကျင်လည်ခဲ့ဖူးပါတယ်။ အဲဒီကာလများမှာ အဓိက တွဲဖြစ်တာက နာမည်ကြီးနေတဲ့ Playboy တီးဝိုင်းနဲ့ ဖြစ်ပေမဲ့ ခေတ်ကာလ အ လျောက် အောင်မြင်ထင်ရှားလာတဲ့ အဆိုကျော်များကိုလည်း ကိုယ့်ပွဲမှာ သီဆိုဖို့ ငှားရမ်းရပါတယ်။

အပေါင်းအသင်းအနေနဲ့ အဲဒီကာလတုန်းက ဆေးကျောင်းအမျိုးသား ဆောင်ဖြစ်တဲ့ လမ်းမတော်ဆောင်မှာ လက်ထောက်အဆောင်မှူးလုပ်နေတဲ့ ဒေါက်တာအက်စ်ကျော်လှနဲ့ ရင်းနှီးတာကြောင့် တချို့ညတွေမှာ လမ်းမတော် ဆောင်မှာပဲ အိပ်ဖြစ်တာတွေရှိပါတယ်။ ဒီလိုနေဖြစ်တော့ အဆောင်သားတချို့နဲ့

လည်း ရင်းနှီးလာခဲ့ပါတယ်။ တစ်နှစ်မှာ လမ်းမတော်ဆောင်က ညစာစားပွဲကျင်းပမှာဖြစ်လို့ ကျွန်တော်နဲ့ရင်းနှီးတဲ့ အဆိုကျော်တချို့ ဖိတ်ပေးပါလို့ မေတ္တာရပ်ခံလာပါတယ်။ ရင်းနှီးမှုနဲ့လည်း သူတို့က သိနေတာဆိုတော့ ကျွန်တော်မငြင်းသာပါဘူး။ ဒါကြောင့် အရင်းနှီးဆုံးဖြစ်တဲ့ ကိုင်ဇာကို အကူအညီတောင်းပါတယ်။ ကိုင်ဇာက မငြင်းပါဘူး။ လာဆိုပေးပါမယ်လို့ ဆိုပါတယ်။

ကိုင်ဇာလာတဲ့အချိန်မှာ သူ့သူငယ်ချင်းတစ်ယောက်လည်း ပါလာပါတယ်။ သူ့နာမည်က ပိုပိုလို့ခေါ်ကြပါတယ်။ စင်မြင့်ပေါ်မှာ တစ်ခါမှ သီချင်းမဆိုဖူးသေးပါဘူး။ အဲဒီကာလတုန်းက စင်ပေါ်မှာ သီချင်းဆိုရင် ကိုယ်ကိုမတ်မတ်ထားရပါတယ်။ လှုပ်ချင်တိုင်းလှုပ်လို့မရပါဘူး။ ကိုင်ဇာတို့တစ်တွေ ဆိုကြပြီးချိန်မှာ သူ့သူငယ်ချင်းပိုပိုက ဂစ်တာလွယ်ပြီး သီချင်းဆိုပါတယ်။ သီချင်းဆိုရင်း နဲ့ဒူးနှစ်ဖက်က သွက်သွက်ခါအောင် လှုပ်ရမ်းနေတာမို့ ဆေးကျောင်းဆရာများက မလှုပ်ဖို့ သတိပေးပါလို့ ကျွန်တော့်ကို တောင်းဆိုလာကြပါတယ်။

ကိုင်ဇာ့ကို သွားပြောတော့ လုပ်နေတာမဟုတ်ပါဘူး။ စင်မြင့်ပေါ်မှာ မရောက်ဖြူးတော့ ကြောက်ပြီး ဒူးတုန်နေတာပါလို့ ဆိုပါတယ်။ အဲဒီလူငယ်ကလေးက နောင်မှာမြန်မာပြည်တစ်ပြည်လုံး ချစ်သွားကြတဲ့ အဆိုတော်စိုးလွင်လွင်ဖြစ်လာခဲ့ပါတယ်။ စိုးလွင်လွင် ဖြစ်သွားပြီဆိုတော့ သူလည်း ကျွန်တော့်စင်မြင့်ဖျော်ဖြေပွဲတွေမှာပါလာပြီပေါ့။ တစ်ကြိမ်မှာတော့ သူ့ကို ပွဲရှိကြောင်း အကြောင်းကြားဖို့ ရန်ကင်းက သူ့နေအိမ်ကို ရောက်ခဲ့ပါတယ်။ နာမည်ကြီးအဆိုတော် ဆိုပေမဲ့သူ့အိမ်မှာ ဗျာတစ်ချပ်သာရှိပြီး ကလေးလေးနှစ်ယောက်နဲ့နေတာကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပါတယ်။ အဲဒီကလေးနှစ်ယောက်ထဲက အကြီးလေးဖြစ်တဲ့ ဒေဝက အခု သူ့အဖေအကြောင်းစာစုကို ရေးတဲ့သူဖြစ်လာခဲ့ပါတယ်။

ဒေဝက သူ့အဖေအမှတ်တရစာစုကို အင်တာနက်မှာရေးခဲ့တာကို မြစ်မခက တွေ့ရှိပြီး စာအုပ်အဖြစ်ထုတ်မှာဖြစ်လို့ ကျွန်တော့်ကိုအမှတ်တရတစ်စုရေးပေးပါလို့ ဒေဝရဲ့မိခင်ဖြစ်တဲ့ မဖြူကတောင်းဆိုလာပါတယ်။ အခုတလောအမှာစာရေးတာတွေများလို့ ကျွန်တော် ရှောင်ချင်နေတဲ့အချိန်မှာ မဖြူကပြောလာတော့ မလွှဲသာ မရှောင်သာဖြန့်ပါဘူး။

ဒေဝဖခင်နည်းတူ ကျွန်တော့်ဖခင်ဟာလည်း တိုင်းသိပြည်သိ လက်ဇေ့

သားတစ်ဦးဖြစ်ပါတယ်။ ၁၉၇၉ ခုနှစ်က ကွယ်လွန်ခဲ့တာဖြစ်လို့ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပါပြီ။ ဖခင်ဖြစ်သူရဲ့ မိတ်ဆွေများက ကျွန်တော်တို့ညီအစ်ကိုတစ်တွေကို တွေ့တိုင်း "မင်းတို့ သူများအကြောင်းချည်းပဲ ရေးနေကြတယ်။ ကိုယ့်အဖေအကြောင်း ကိုယ်ရေးကြဦးလို့ဆိုကြပါတယ်။" သူတို့အမြင်တင်မယ် ဆိုရင်လည်း တင်လောက်ပါတယ်။ သူများကိစ္စတွေကိုသာ ဆောင်ရွက်နေကြပြီး အဖေကိစ္စကျတော့ ကျွန်တော်တို့ ဘာကြောင့် များ လက်တွန့်နေကြပါလိမ့်။ ဒေဝကတော့ သူ့အဖေအကြောင်းကို သူ့မှတ်မိသရွေ့ချရေးပြီးပါပြီ။ သူရေးထားတဲ့စာစုကို ဖတ်ကြည့်မယ်ဆိုရင် အနုပညာသမားစစ်စစ်တစ်ယောက်ရဲ့ ခံယူချက်သဘောထားများကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အနုပညာသမားဆိုတာ ငွေနောက်လိုက်သူတွေ မဟုတ်ဘူး။ ရှိရင်စားမယ်၊ မရှိရင် ဗိုက်မှောက်နေမယ်ဆိုတဲ့ လူစားမျိုးတွေပါ။ ဒေဝရဲ့စာစုမှာ အနုပညာသမားအကြောင်း သာမက သူ့ပတ်ဝန်းကျင်မှာ ရှိခဲ့တဲ့ အနုပညာမိတ်ဆွေတွေအကြောင်း တစ်စွန်းတစ်စကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အဲဒါအပြင် သူကြုံခဲ့တဲ့ ၁၉၈၈ ခုနှစ် အရေးအခင်းကာလကိုလည်း သူမှတ်မိသလောက် မှတ်တမ်းတင်ထားပါတယ်။

ခြုံပြီးပြောရရင်တော့ ဒေဝဟာ ကျွန်တော့်ထက် ဖခင်အပေါ်မှာ တာဝန်ကျေသူတစ်ယောက်လို့ ဆိုချင်ပါတယ်။ သူ့အဖေအကြောင်း သူရေးပြီးခဲ့ပေမဲ့ ကျွန်တော့်အဖေအကြောင်းကိုတော့ ဒီနေ့ထိထိ ကျွန်တော်မရေးနိုင်သေးပါဘူး။ ဒါကြောင့် ကျွန်တော့်သားအရွယ်ဖြစ်ပေမဲ့ ဂုဏ်ယူပါတယ် ဒေဝ။ မင်းအဖေ စိုးလွင်လွင်သာ သက်ရှိထင်ရှားရှိနေမယ်ဆိုရင် "ဒါ ကျွန်တော့်သားရေးတဲ့ ကျွန်တော့်အကြောင်းပေါ့" လို့ပြောပြီး မင်းစာအုပ်ကလေးကို ပြနေမယ်လို့ ထင်ပါတယ်။

ဝင်းငြိမ်း

△△△

## ◉ မိုးကောင်းကင်ကိုကြည့်ရအောင်

**ကျော်ရင်မြင့်**

အားလပ်တဲ့ အချိန်တွေမှာ မိုးကောင်းကင်ကို အေးအေးလူလူ ထိုင်ကြည့်ဖူးသလား။ ကျွန်တော်တို့ကို အုပ်မိုးထားတဲ့ မိုးကောင်းကင်က အင်မတန်စိတ်ဝင်စားဖို့ကောင်းတယ်။ ချစ်ဖို့လည်းကောင်းတယ်။ သီးတင်းကျွတ်၊ တန်ဆောင်မုန်း ဆောင်းဦးပေါက်ရာသီမှာ အချိန်ယူပြီး မိုးကောင်းကင်ကို စိပ်ပြေနပြေကြည့်စေချင်သည်။ ကောင်းကင်က တိမ်ကင်းစင်ပြီး ပြာလဲ့နေတာ။ မိုးကောင်းကင်ရဲ့အပြာရောင်က ဘယ်အပြာရောင်မျိုးနဲ့မျှ မတူအောင်လှပတယ်၊ အေးချမ်းတယ်။ ကြည့်နေသူကို ကောင်းကင်ရဲ့ငြိမ်းအေးမှုကူးသန်းလာပြီး စိတ်ငြိမ်ချမ်းစေတယ်။

တစ်ခါတစ်ရံမှာ မိုးကောင်းကင်ပြာပြာထဲ ပျံဝဲနေတဲ့ သိမ်းငှက်ငှက်တွေကိုမြင်တွေ့ရတယ်။ ဝဲပျံနေတဲ့ငှက်တွေနဲ့အတူ ကိုယ့်စိတ်ကို လွှင့်မျောကြည့်မိရင် ရှိသမျှစောကာအပူတွေ ကွယ်ပျောက်သွားမယ်။ ကောင်းကင်မှာ တိမ်စင်တဲ့ တန်ဆောင်မုန်း နတ်တော်လညခါမျိုးမှာ ကြယ်တွေကို ကြည့်ဖြစ်အောင် ထွက်

ကြည့်စေချင်တယ်။ ကြယ်တွေက ဝိုပြီးလှုပ်လက်တယ်။ ကြည့်နေရင်း ကိုယ်တိုင် ကြောဝဠာထဲမှာ ခရီးနှင်နေသလိုလွင်မျောလို့ရပါတယ်။

လေပြေမှာ တိမ်လွှာတွေ လွင့်ပါမျောနေတဲ့ လသာသာညခါကောင်းကင်ကို ကြည့်ရတာ အရသာတစ်မျိုးထူးတယ်။ လခြမ်းက ငွေလှေလေးလို၊ စိတ်ကူးယဉ်ချင်တယ်ဆိုရင်တော့ ကိုယ်ကချစ်သူနဲ့အတူ ငွေလှေစီးပြီး ခရီးဆန့်နိုင်တာပေါ့။ အဲဒီညမျိုးမှာ အိပ်လိုက်ရမှာကို နမြောမှာသေချာတယ်။ စိတ်စေရာ ခရီးနှင့်နိုင်တာကိုး။

နွေဦးခါ ညနေရီရီမှာ ကောင်းကင်က မြူတွေဆိုင်းလို့မှိုင်းနေတဲ့ အချိန်မှာ အရောရောက လွမ်းစရာပါပဲ။ ဥသြငှက်က အဝေးဆီက တွန်သံနွဲ့နွဲ့၊ မြေပြင်မှာ သစ်ပင်တွေက ရော်ရွက်ဝါမြို့လွှာ ဆင်ကြပြီ။ အင်ကြင်း၊ သရဖီပန်းရနံ့သင်းပျံ့ပျံ့က လေပြည်ထဲမှာပါလာတယ်။ ပေါက်ပွင့်တွေက နီနီရဲ၊ ဖျဉ်းမပန်းတွေ ခရမ်းရင့်၊ ငုတွေက ဝါဝါ၊ ပန်းမျိုးစုံက နွေဦးအလှဆင်ကြချိန်မှာ မြူနှင်းကြွင်းဖွဲ့လို့ မှုံရီတဲ့ ကောင်းကင်ရဲ့အလှက ရသစုံကြွယ်ဝနေတယ်။

မိုးဦးကောင်းကင်ရဲ့အလှက အချိန်နဲ့အမျှ ပြောင်းလဲနေတယ်။ ဝါဂွမ်းစိုင်လို ဆွတ်ဆွတ်ဖြူတဲ့ မိုးတိမ်တောင် တွေဟာ ကောင်းကင်ပြာထဲမှာ ရှုပ်ရှင်ပြနေတယ်။ ဆင်ကြီးတွေစီးချင်းထိုးတယ်။ နဂါး၊ ဂဠုန်၊ ဂုဏ္ဍာန်၊ ယက္ခ တွေယှဉ်းကနေတယ်။ တိမ်ပန်းချီက ကြည့်မြင်နေဆဲမှာပဲ အသွင်တွေက တစ်မျိုး ပြီးတစ်မျိုး ပြောင်းလဲနေတယ်။ ဒါကိုစောင့်ကြည့်ရတာ ထူးခြားတဲ့အရ သာပါ။ နှတ်ရေးတဲ့ တိမ်ပန်းချီကို နောက်တစ်ကြိမ်မြင်ချင်လို့ အသွင်တူတစ်ခါထပ်မ တွေ့နိုင်ဘူး။ ကြုံတုန်းမှာ တိမ်ရုပ်ရှင်ကို ခံစားခွင့်ရနိုင်တာဖြစ်ပါတယ်။

တစ်ခါတစ်လေတော့ တိမ်လွှာတွေက ကောင်းကင်ပြာပြာထဲမှာ လေနဲ့အတူ လွင့်မျောနေတတ်တယ်။ တိမ်လွှာစီးပြီး စိတ်ကို မျောလွင့်ခါကမ္ဘာတစ်ဘက်စွန်းအထိ ခရီးနှင်နိုင်တယ်။

မိုးကောင်းကင်မှာ မာယာရှိတယ်။ ကောင်းကင်တစ်ခွင်လုံးပြိုမလို ခဲရောင်မိုးသားတွေ ညို့တဲ့အခါလည်း ရှိတတ်တယ်။ ခဲသားမိုးတိမ်အိအိက လယ်ကွင်း ကျယ်စိမ်းမြမြပေါ်ကို ဝိဆင်းပြီကျတော့မှာလို မြင်ကွင်းမျိုးလည်း တွေ့ရတတ်တယ်။ တိမ်ထုကြားက နေခြည်တန်းတွေ ဖြာဆင်းကျတာ၊ တိမ်မည်း

ညီတို့ ရွှေအနား ကွပ်တာ၊ ပန်းချီဆန်တဲ့ အလှတွေမိုးကောင်းကင်က ပဥ္စလက်ပြ သလို ဖန်တီးတတ် ပါတယ်။ ကောင်းကင်မှာ လျှပ်နွယ်လျှပ်ပန်းတွေ ကွန့်မြူးချိန်ကို ငေးစိုက်ကြည့်နေ ခဲ့ဖူးသလား။ ထစ်ချုန်းမိုးနဲ့ လျှပ်နွယ်ပန်းရဲ့ အလှတရားမျိုးကို ဘယ်လူသားမျှ တုပဖန်တီးလို့မရအောင် ဆန်းကြယ်လှပ ပါသည်။ လျှပ်နွယ်ပန်းနဲ့ ထစ်ချုန်းမိုးသံ က သည်းထိတ်ရင်ဖိုခံစားမှုနဲ့ ရင်ကို နွေးစေတယ်။ မိုးကောင်းကင်က လူတွေကို ရသစုံ ပေးနိုင်ပါတယ်။

ပြည်သူချစ်တဲ့ အဆိုတော် စိုးလွင်လွင်ဟာ မိုးကောင်းကင်လိုလူသား တစ်ယောက်ဖြစ်တယ်။ သူဖန်တီးတဲ့အနုပညာနဲ့ လူတွေကို ရသစုံပေးခဲ့တယ်။ သူဖန်တီးတဲ့အနုပညာက မိုးကောင်းကင်လို ကျယ်ဝန်းတယ်။ ခံစားသူ ခံစားနိုင်စွမ်းရှိသလောက် အဆုံးအစမဲ့တယ်။ မပျောက်မကွယ်ဘဲ စကြာဝဠာထဲမှာ လွင့်မျောနေပါတယ်။

အဆိုတော် စိုးလွင်လွင်နဲ့ အနီးဆုံးလူ၊ အဆိုတော် စိုးလွင်လွင်ရဲ့ခြေသွားတွေနဲ့ လည်ပတ်နေတဲ့ သူ့သား ဓေဝက သူ့အဖေရဲ့ဘဝတစ်စိတ်တစ်ဒေသကို---- ဆိုပြီး ရေးဖွဲ့ထားတယ်။ အနီးဆုံးလူ၊ သူ့ခြေသွားက ရေးတာမို့ အသက်ဝင်တယ်။ ဓေဝက အတွေးအမြင် ကောင်းသလို အရေးအဖွဲ့လည်းကောင်းတယ်။

မြန်မာစာပေမှာ ရသပါတဲ့ ဘဝမှတ်တမ်းတွေလိုအပ်နေတယ်။ အဲဒီလို အပ်ချက်ကို ---- စာအုပ်က တစ်ထောင့် တစ်နေရာက ကွက်လပ်ဖြည့်နိုင် တာ ဖြစ်ပါတယ်။

ကျော်ရင်မြင့်

△△△

## ◉ ကျွန်တော့်အဖေ(သို့) ဗိုးကောင်းကင်ကိုဖွင့်ပေးခဲ့သူ

ခေခ



ကျွန်တော်နာမည် ခေခ ပါ။ ဒီလိုပြောလို့ကျွန်တော်ကိုသိချင်မှသိပါမယ်။ ကျွန်တော် အဖေနာမည်က စိုးလွင်လွင်(ခ)ပိုပိုပါ။ ဟုတ်ပါတယ်၊ အဆိုတော်စိုးလွင်လွင်ပါ။ ခင်မင်သူများက ဗိုးကျားကြီးလို့လဲခေါ်တတ်ကြပါတယ်။ မွေးချင်းသုံးယောက်မှာ အကြီးဆုံးပါ။ သူ့ကို မွေးတုံးကနစ်စမနစ်ယောက်နာမည်က စိုးလွင်လွင်နဲ့ ပိုပိုတဲ့။ အဲဒါကြောင့် အဖေအိမ်နာမည်ပိုပို၊ အပြင်နာမည် စိုးလွင်လွင် ဖြစ်လာတာပါ။

ကျွန်တော့်အဖေက အဆိုတော်မဖြစ်ခင် လေးဘီးကား Taxi ဆွဲတယ်ဗျ။ ဒီအကြောင်းကိုသိတဲ့လူ နည်းမယ်ထင်တယ်။ မဆလခေတ်ပေါ့ဗျာ။ သူက အဲဒီတုံးက ရုပ်ဝေဒနဲ့ အဝေးသင်တက်နေတယ်။ သူကားဆွဲကောင်းတဲ့ နေ့တွေဆိုရင် ကျွန်တော်အတွက် ခေါက်ဆွဲကြော်တထုပ်အမြဲတမ်းဝယ်လာတတ်တယ်။ အဲဒီ အချိန်ထဲက သူကသူ့ သူငယ်ချင်းတွေနဲ့ အားတဲ့ရက်ဆိုရင် တီးနေမှုတ်နေပြီဗျ။ အဲဒီတုံးကသူ့ သူငယ်ချင်းတွေထဲမှာ ဦးရာပြည့်တို့လဲပါတယ်။ အဲဒီလိုလာရင်းနဲ့ဂီသနာပိုးက တားမရတော့ဘူးထင်ပါတယ်။ သူ့အမေကိုသူ့ဆွဲနေတဲ့

လေးဘီးကားရောင်းပြီးစီးရီးထုတ်မယ် ပူဆာပါလေရော။ အဲဒီအချိန်မှာ ရန်ကင်း ရပ်ကွက်ကလဲ ဂီတသမားတွေရဲ့အောင်မြေကိုး။ ဦးကိုင်ဇာတို့ကလဲ ဟုတ်ပါတယ်၊ အားတဲ့ရက်ဆိုရင် တီးနေ၊ မှုတ်နေပြီဗျ။ ထူးဆန်းတာတစ်ခုက ကျွန်တော်အဖေ ဖက်က အမျိုးတွေဆီမှာ အဲဒီအချိန်တုံး ကအနုပညာလိုက်စားသူ တစ်ယောက် မှမရှိ ဘူးဗျ။ အမျိုးထဲမှာ ဝန်ထမ်းနဲ့ ကုန်သည်တွေချည်းပဲ။ ကျွန်တော် အဖိုးက တရားရေး က၊ စာတွေဘာတွေတော့ ရေးတယ်။ သူတစ်ယောက်ထဲ တစ်မိပေါက်၊ တစ် ယောက် ထွန်းပေါ့ဗျာ။

အဲဒီလိုနဲ့ ၁၉၈၅/၈၄ကြတော့ မင်းထက်သာတဲ့လူ စီးရီးရန်ကြီးအောင် တေးသံသွင်းက ထွက်ပါတယ်။ ငွေကြေးအရမအောင်မြင်ပါဘူး။ လူတော့နည်း နည်းသိသွားပါတယ်။ နိမိတ်သီချင်းက အဲဒီအခွေထဲမှာပါတာ။ စံပါယ်ဦး ဦးသန်း လွင်က သူ့ကိုမျက်စိကျသွားပါပြီ။ နောက်စီးရီးကို သူကပရိုဂျူဆာလုပ်မယ်လို့က မ်းလှမ်းပါတယ်။

နောက်စီးရီး ချစ်လှူမိုက်ထွက်တော့ ၁၉၈၅/၈၆ ဖြစ်မယ်ထင်ပါတယ်။ မှတ်မှတ်ရရ ကျွန်တော် မှတ်မိတာလေး တခုကတော့ ကျွန်တော်အဖေကစီးရီး ကာဗာမှာ ချင်းဘောင်းဘီနဲ့ တီရှပ်ဝတ်ပြီးတင်ပါတယ်။ ဆင်ဆာမလွှတ်ပါဘူး။ ချင်းဘောင်းဘီကို ဖျက်နိုင်းပါတယ်။ ရပါတယ်ပေါ့။ ကိုယ်တပိုင်းပုံ ထပ်တင်ပါ တယ်။ တီရှပ်ကိုဆင်ဆာထပ်မိပါတယ်။ ချစ်လှူမိုက် အခွေကာဗာ မြင်ဘူးတဲ့ လူတွေ သိကြပါလိမ့်မယ်။ ကျွန်တော့်အဖေပုံခေါင်းပဲပါတာ မြန်မာနိုင်ငံ စိစစ် ရေးကြောင့်ပါ ခင်ဗျား။

ချစ်လှူမိုက်အခွေက ထွက်ထွက်ချင်း မပေါက်ပါဘူး။ ထွက်ပြီးနောက် ၆ လလောက်နေမှ ပေါက်ပါတယ်။ နိုင်ထူးအပျော့စား၊ ကိုင်ဇာအဆာစားတဲ့၊ ပရိတ် သတ်တွေက ဒီလိုတံဆိပ်ကပ်ကြပါတယ်။ ညီမလေး ရွှေအိမ်စည်ကို မွေးတဲ့ အချိန် ပေါ့။ အောင်မြင်ပြီဆိုတော့ ရေလဲစလန်းပါပြီ။ ကျနော်တို့နေတဲ့ ရန်ကင်းအိမ်ကို အဲဒီအချိန်မှ လျှာထိုးကြမ်းခင်းတာပါ။ ကြမ်းမခင်းခင်က သံမံတလင်းပါ။

သံမံတလင်းမှာ ကြမ်းခင်းပြီးသွားတော့ ဆေးရုံမှာကလေးသွားမွေးတဲ့ ကျွန်တော်အမေလဲ ညီမလေးနဲ့အတူ အိမ်ပြန်ရောက်လာပါပြီ။ ချစ်လှူမိုက် အခွေမှာ ကြည်သာရီ ဆိုတဲ့ သီချင်းတစ်ပုဒ်ပါပါတယ်။ အဲဒီသီချင်းရဲ့မူလနာမည်က ရွှေအိမ်

စည်ပါ။ ထုံးစံအတိုင်းဆင်ဆာမိပါတယ်။ကျွန်တော်အဖေက ဘာပြောလဲ ဆိုတော့ ငါ့သီချင်းကို ငါပေးချင်တဲ့ နာမည်မပေးရရင် ငါ့သမီးကိုအဲ ဒီနာမည်ပေးမယ်ကွာ တဲ့။ ငါ့သမီးတော့ သူတို့ ဆင်ဆာဖြတ်လို့ မရဘူးတဲ့ဗျား။ ဒီလိုနဲ့ညီမလေး နာမည် ရွှေအိမ်စည် ဖြစ်လာခဲ့ပါတယ်။



အဖေကြီး၊ ညီမလေးရွှေအိမ်စည်နဲ့ ကျွန်တော်

ချစ်လှမိုက်အခွေထွက်ပြီးခါစလောက်ဖြစ်မယ်ထင်တယ်။ Bass ဂစ်တာသမား ကိုဇာလျှန်းက ကျွန်တော်အဖေကို international notes တွေ အိမ်မှာလာ သင်ပေးပါတယ်။ ကွေ့ကွေ့ကောက်ကောက်တွေကို မြေဖြူနဲ့ အခန်း တံခါးမှာ ရေးပြီး တော့။ ကျွန်တော်စိတ်ဝင်စားတာက ဥလာဘာထရီနဲ့ တွဲလိုက်ရင် တစ်တောက်၊ တစ်တောက်နဲ့ အသံထွက်လာတဲ့စပီကာ၊ metronome လို့ခေါ် မှန်းကြီးလာမှ သိရပါတယ်။ အောင်မြင်လာပြီဆိုတော့ တနယ်ဇင်းသမားတွေလဲ ဝင်ထွက် လာကြပါတယ်။ အဲဒီထဲက ကျွန်တော် မှတ်မိတာက ဦးဝင်ငြိမ်းနဲ့ ဦးမြတ်နိုင်ပါပဲ။ ဦးဝင်ငြိမ်းကအဲဒီတုံးက သမြေမဋ္ဌဇင်းအတွက် အင်တာဗျူး လုပ်တာထင်ပါတယ်။ ဦးမြတ်နိုင်ကတော့ ကျွန်နော်အမေနေခဲ့တဲ့ ရန်ကင်း(၂)

က စီနီယာ ဆိုလားမသိ ဘူး။ ကျွန်တော် အမေနဲ့အဖေကို စုံတွဲအလှမောင်ပုံတွေ ရိုက်ပေးသွားပါတယ်။

အောင်မြင်လာတဲ့ အလျောက် သီချင်းတွေလဲရောင်းရပါတယ်။ ဆံပင်တွေကိုလေနဲ့မှုတ်မယ် ချစ်လို့ဆိုတာ သူရေးတဲ့သီချင်းပါပဲ။ ဒီလိုသီချင်းတွေ ရောင်းနေရလို့ လက်ထဲမှာငွေရှိလားမေးရင် မရှိဘူးလို့ပဲဖြေရမှာပါပဲ။ အနုပညာသမားဆိုတာ ရရစားစားကိုးချ။ စံပါယ်ဦး ဦးသန်းလွင်ဆီကရတဲ့ ပိုက်ဆံလဲ အိမ်ကြမ်းခင်းတာနဲ့ညီမလေးမွေးတာနဲ့ ကုန်ပြီထင်ပါတယ်။ တစ်ခါတစ်လေ မနက်စာတူဒီယို သွားစရာကားခတောင်မရှိလို့ ကျွန်တော်စုဘူးထဲက ယူရပါတယ်။ ယူတော့ ကျွန်တော်က ကလေးဆိုတော့ ငြူစူတာပေါ့ဗျာ။ ငြူစူတော့ ကျွန်တော်အဖေက ဘာပြောလဲဆိုတော့ သားတဲ့၊ နောင်တစ်ချိန်ကျရင် သားလိုသလောက် ပြန်ရစေရမယ်တဲ့။ ဟုတ်ကဲ့။ သူပြောတဲ့စကားအတိုင်း နောင်တစ်ချိန်ကျတော့ ကျွန်တော်မုန့်ဖိုးပမာဏ ဘက်လောက်တောင်းတောင်း၊ သူ့ဆီကဘာပဲမှုဆာပူဆာ၊ သူတစ်ခါမှမငြင်းခဲ့ပါခင်ဗျား။ ချစ်လှပိုက်အခွေက ကဒ်ခြောက်သောင်းလောက်ရောင်းရပါတယ်။ ကျွန်တော်တို့အတွက် အဖတ်တင်တာတော့ ကြမ်းတပြေးပဲ ဖြစ်ပါလိမ့်မယ်။

ဒီလိုနဲ့နေလာရင်း ၁၉၈၆/၈၇ လောက်ဖြစ်မယ်ထင်ပါတယ်။ ရန်ကင်းထဲကလူတစ်ယောက်နဲ့ ဆက်စပ်ပြီး အဲဒီလူက ပြောပါတယ်။ အဆိုတော်အသစ်တဲ့ ခင်ဗျားမှုပိုင်ဝယ်မလားပေါ့။ ကျွန်တော်အဖေကို လာမေးပါတယ်။ အမေက ယူပြီး နားထောင်ကြည့်နေတာ အဲဒီနေ့တစ်နေ့လုံးပဲ။ ပြီးတော့ ကျွန်တော့်အဖေကို ကောင်း သားပဲနင်ဝယ်လိုက်ပါလားဆိုတော့ သူကအမေ့ကို နားလည်ရခက်တဲ့ အကြည့် တစ်မျိုးနဲ့ ကြည့်ပြီး ပြန်ပြောပါတယ်။ ငါက အနုပညာသမားတဲ့၊ စီးပွားရေးမလုပ်နိုင် ဘူးတဲ့၊ ပြီးတော့ ဒီအခွေကို သူမှုပိုင်ဝယ်လိုက်ရင် အဆိုတော်ကို ခေါင်းပုံဖြတ်သ လို ဖြစ်သွားမယ်တဲ့။ အနုပညာသမားအချင်းချင်း ခေါင်းပုံဖြတ်တဲ့အလုပ်ကို သူ တစ်သက်လုံး မလုပ်ဘူးတဲ့။ မဝယ်နိုင်ဘူးတဲ့ဗျာ။ အဲဒီအခွေနာမည်က နာရီပေါ်မှ မျက်ရည်စက်များ တဲ့။ အဆိုတော်ကတော့ သိကြတဲ့အတိုင်း ထူးအိမ်သင်ပါဗျား။

တတိယစီးရီးစတည်တဲ့ အချိန်မှာ ၁၉၈၇၊ ၈၈ ၇၅ ကျပ် တန်တွေစသိမ်း

ပါတယ်။ အရပ်ထဲမှာလဲ ဗရုတ်ဗရက်၊ ငိုတဲ့လူကငို ယိုတဲ့လူကယိုနဲ့၊ ဒါနဲ့ သူ့ကို ကျွန်တော်မေးကြည့်ပါတယ်၊ ဖေကြီးလို့ ဖေကြီးမှာ ၇၅ ကျပ်တန်တွေ အသိမ်းခံရတာဘယ်လောက် ရှိလဲဆိုတော့ သူကပြုံးပြီးပြောတယ်၊ တစ်ပြားမှမရှိဘူးတဲ့ဗျာ။ ပြုတ်ကရော။

အရေးအခင်းကြီးကလဲ တဖြေးဖြေး အရှိန်မြင့်လာပါပြီ။ ရန်ကင်း အ.ထ.က (၁) ရှေ့မှာကျောင်းသားတွေ အစာငတ်ခံ ဆန္ဒပြပါတယ်။ ကျောင်းသားတွေ အတွက်စိတ်ဓာတ်မြှင့်တင်ရေး ဖျော်ဖြေရေး အစီအစဉ်တွေလုပ်ပါတယ်။ ကျွန်တော်အဖေက ဖျော်ဖြေရေး အစီအစဉ်အတွက် ဘဏ္ဍာရေးမှူး ထင်ပါတယ်။ အန်တီဝယ်(မေလေး)တို့လဲသီချင်းလာဆိုပါတယ်။ မောင်မောင်ရေငိုရိုး ဆိုတော့ အောက်ကပရိတ်သတ်ကြီးက သိပ်ကြိုက်ပေါ့။ သမ္မတ ဦးမောင်မောင်ကိုးဗျ။ နောက်ကျမှတ်မိတာ ရုပ်ရှင်မင်းသမီး တင်နီလာဝင်း၊ သူလဲလာတယ်ဗျ။ အရေးအခင်းကာလတစ်လျှောက်လုံးတော့ နေ့ဘက်ဆိုရင်ကျွန်တော်အဖေ အိမ်မှာ ဘယ်တော့မှ မရှိပါဘူး။ ဘာလုပ်လဲတော့ မသိဘူးဗျ။ ညသန်းခေါင်ကျော်မှ ပြန်ရောက်လာတတ်တယ်။ ကျွန်တော်ကတော့ ကလေးပီပီ ဆန္ဒပြတာတွေ ထွက်ကြည့်လိုက်၊ ဂျင်ကလီလုပ်တာတွေ သွားကြည့်လိုက်ပေါ့ဗျာ။

အရေးအခင်းကြီးရဲ့ အရှိန်အမြင့်ဆုံး ကာလတွေမှာတော့ ကျွန်တော်အဖေဘယ်ကိုမှ မသွားတော့ပါဘူး။ ညမထွက်ရအမိန့်လဲထုတ်လိုက်ပြီ။ ကာဖြူးဆိုတာအဲဒီတော့မှ ကျွန်တော် ကြားဖူးတာပါ။ တောင်ဥက္ကလာပြီးနယ်က ဆန္ဒပြသူတွေက စစ်ကားတွေ သူတို့ဘက်ရောက်လာလို့တဲ့၊ ရန်ကင်းက လမ်းမကြီးတွေကို ပိတ်ပေးပါလို့ တောင်းဆိုလာပါတယ်။ အရပ်ထဲက လူကြီးတွေလဲ သစ်ပင်ကြီးတွေ ခုတ်လှဲပြီး၊ လမ်းမကြီးတွေကို ပိတ်ပေးလိုက်ပါတယ်။ ရန်ကုန်မြို့လည်း ညဘက်ဆို ဘာသံမှကို မကြားရအောင် တိတ်ဆိတ်ခြောက်ကပ်လို့နေတယ်။ ရပ်ကွက်ထဲမှာတော့ ညနေခြောက်နာရီကျော်ပြီ ဆိုတာနဲ့ သံပုံးတွေ ရှူညဲ့နေ အောင်တီးကြတယ်။ မကောင်းဆိုးဝါး တွေ မလာနိုင်အောင် တောခြောက်တာတဲ့။ ကျွန်တော်ကတော့ တစ်ဖက်လှည့်နဲ့အာဏာဖီဆန်တာလို့ မြင်ပါတယ်။ ကောလ ဟာလတွေကလည်းအမျိုးမျိုး အရေးအခင်း ကာလမှာ ကျွန်တော် အဖေ ဝင်ငွေလုံးဝမရှိပါဘူး။ ကျွန်တော်တို့ စားဖို့ဆိုပြီး အဖွားကဆန် နှစ်အိတ်လာပို့ပေး

သွား တယ်။ အဲဒါနဲ့ပဲ အရေးအခင်းကာလမှာ ဖြစ်သလို လှည့်ပတ်ပြီး နေကြရတာပါ။ ကျွန်တော် တို့ရန်ကင်း လေးလုံးတန်းရပ်ကွက်ကတော့ ချစ်စရာ ကောင်းပါတယ်။ ကိုယ့်မရှိသူပေး၊ သူ့မရှိ ကိုယ်ပေးနဲ့။

တဖြည်းဖြည်းနဲ့အခြေအနေတွေကလဲ ငြိမ်သက်လာပါပြီ။ ကားဖြူကို နေဝင်မီးငြိမ်းကနေ ညကိုးနာရီအထိ ပေးလိုက်တယ်။ ကျွန်တော်အဖေလဲ ပုံမှန်ပြန်ပြီးတော့ သွားလာလှုပ်ရှားနေပါပြီ။ ကားဖြူကို ညကိုးနာရီအထိပေးထားတဲ့ တစ်ခုသောညရဲ့ သန်းခေါင်ယံမှာ ကျွန်တော်လန့်နိုးလာပါတယ်။ ကျွန်တော် အဖေကို အရင်ဆုံးစတွေ့ရတယ်။ အမေက ညီမလေးကိုချီလို့၊ နှစ်ယောက် အချီအချ စကားများနေကြပါတယ်။ ကျွန်တော်အဖေကိုကြည့်ရတာ ပုံမှန်မဟုတ်ဘူး။ တစ်ခုခုသုံးစွဲထားသလိုပဲ။ အဖေက အမေ့ကိုရိုက်မယ်လုပ်တော့ အမေက အိမ်ပြင် ကို ပြေးထွက်သွားပါတယ်။

ကျွန်တော်လဲ အမေ့နောက်ကို ပြေးလိုက်မယ်လုပ် တော့ အဖေက သတိဝင်လာပုံရပါတယ်။ ကျွန်တော်ကို ဆွဲထားတယ်။ ကျွန်တော် က အတင်းရုန်းတော့ လွှတ်ပေးလိုက်တယ်။ ပြေးထွက်သွားတဲ့ အမေနောက်ကို ကျွန်တော်ပြေးလိုက်သွားပါတယ်။ တစ်လမ်းလုံးအမေနဲ့ညီမလေးကို ဘယ်မှာမှ မတွေ့တော့ဘူး။ အရေးထဲမှာ လမ်းမှာမှောက်ရက်လဲ သေးတယ်။ ကျွန်တော် အဖေလဲ နောက်ကလိုက်ပြီးတော့ ကျွန်တော်ကိုပြန်ချီခေါ်သွားပါတယ်။ နောက် မှသိရတာက အမေက ညီမလေးနဲ့ လမ်းထဲကအိမ်တစ်အိမ်ကို ဝင်သွားတာတဲ့။

အဖေနဲ့အမေအိမ်ခွဲနေဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ကျွန်တော်တို့ လက်ရှိနေနေတဲ့ ရန်ကင်း လေးလုံးတန်းအိမ်မှာ အမေနေပြီးတော့ အဖေကတော့ ရန်ကင်း ၁၂ လုံးတန်းက အဖွားအိမ်ပေါ်ပြန်တက်သွားတယ်။ ပြီးတော့ ညီမလေးကငယ်သေးတော့ အမေနဲ့ပဲနေပါတယ်။ ကျွန်တော်ကတော့ အဖွားအိမ်မှာ အဖေနဲ့ လိုက်နေရတယ်။

အဖွားအိမ်မှာ ကျွန်တော်မပျော်ပါဘူး။ အဖွားကစည်းကမ်း အရမ်းကြီးပါတယ်။ ကျွန်တော်အဖေလဲ ပျော်ပုံမရပါဘူး။ မနက်ဆို ကျွန်တော်အဖေက သူ့သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင် ကျွန်တော်ကို ခေါ်ခေါ်သွားပါတယ်။ ကျွန်တော်က အဲဒီတုံးက မနက်ဆိုအစောကြီးနိုးပါတယ်။ ကျွန်တော် အဖေက

တော့ ညဆိုသီချင်းရေး၊ တာအုပ်ဖတ်နဲ့ နောက်ကျမှထတယ်။ ကျွန်တော် ထကြည့်လို့ ကျွန်တော်အဖေမနိုးသေးရင် ကျွန်တော်ပြန်အိပ်တယ်။ အဲဒီလိုနဲ့ ကျွန်တော်လဲ အိပ်ရာထနောက်ကျတဲ့ အကျင့် စွဲသွားပါလေရော။

သူနဲ့ကျွန်တော် လက်ဖက်ရည်ဆိုင်သွားရင် ၁၂ လုံးတန်းထိပ်က တော်ဝင်ဆိုတဲ့ တစ်ဆိုင်ပဲသွားတယ်။ သူ့သူငယ်ချင်းတွေမရောက်သေးရင် သူကလဲ ဂျိုးသိန်းအတိုတစ်လိပ်နဲ့ တွေးချင်ရာတွေး၊ ငေးချင်ရာငေး။ ကျွန်နော်ကလဲ ဆိုင်ကရှိ သမျှ မုန့်တွေမှာစားပေါ့။

၁၂လုံးတန်းထိပ်က ကျွန်တော်အဖေထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာပဲ ကျွန်တော်အဖေရဲ့လက်တွဲဖော်တေးရေး ဆရာတွေ ဖြစ်လာမယ့် ဦးညီညီသွင်နဲ့ ဦးညီညီစံကိုကျွန်တော်စမြင်ဖူးတာပါ။ ဦးညီညီစံက တောင်ကြီးကဆင်းလာတာလို့ ပြောပါတယ်။ တောင်ကြီးကဆင်းလာတဲ့ ဂီတမျိုးဆက်တွေထဲမှာ သူ



သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်မှာ

အစော ဆုံးဖြစ်မလားမသိဘူး။ သူက ဆံပင်အရှည်ကြီးနဲ့။

ဦးညီညီသွင် ခဏခဏ ပြောဖူးတာ လေးသွား သတိရပါတယ်။ သူပြောတာက ငါကမင်းအဖေကို သီချင်းတွေ သွားပြတာကွာတဲ့။ ပြတော့ မင်းအဖေကဘာမှမ ပြောဘူးတဲ့၊ ငါတီးတာ ဆိုတာကို ငြိမ်ပြီးနားထောင်နေတယ်တဲ့။

ငါပြဝရာ သီချင်းတွေနဲ့သွားပြီး ဆိုတော့မှ မင်းအဖေကဂစ်တာကိုယူပြီး ခေါင်းငုံ့



ချစ်နေမယ် သီချင်းကိုတီးပြတယ်တဲ့။ မျက်နှာ ထားတင်းတင်းနဲ့ နောက်မ လာနဲ့လို့ ပြောလွှတ်လိုက်တယ်။ အဲလိုမျိုးအဲဒီသီချင်းကို အစအဆုံး ဆိုပြပြီးတော့မှ သီချင်းဆိုတာ ဒီလိုရေးရတယ်ကွလို့ ပြောတယ်တဲ့။ ဦးညီညီသွင်က ငါက ပထမတော့ နည်းနည်း တော့ ဖုသွားတာပေါ့ကွာတဲ့။ နောက်ပိုင်း သူနဲ့တွဲပြီတော့ မှသူ့စိတ်က ပြောလိုက်တဲ့ အချိန်မှာ အဖြူထည်သက်သက်နဲ့ ဘာမှမပါ ပဲပြော လိုက် တယ်ဆိုတာ သဘော ပေါက်လာတယ်တဲ့။ ဦးညီညီသွင် ရေးတဲ့သီချင်း တပုဒ်လဲ တတိယစီးရီး သူရဲကောင်းတို့ရဲ့တို့နှလုံးသားထဲမှာ ပါတယ်။ သီလျှက်နဲ့။

သူရဲကောင်းတို့ရဲ့နှလုံးသား စီးရီးကတော့ ချစ်လှမိုက်နဲ့ယှဉ်လိုက်ရင် ချစ်လှမိုက်လောက်တော့ ငွေကြေးအရ မအောင်မြင်ပေမဲ့ အနုပညာအရတော့ အောင်မြင်တယ်လို့ ဆိုရမှာပါ။ ကျနော့် အဖေကိုယ်တိုင်လဲ ဒီစီးရီးကို အားအ ရဆုံးလို့ ပြောဖူးတယ်။ သူရဲကောင်းတို့ရဲ့နှလုံးသားကို စံပါယ်ဦး တေးသံသွင်းက ထုတ် ပါတယ်။ ချစ်လှမိုက်စီးရီးကို စံပယ်ဦး ဦးသန်းလွင်က ပရိုဂျူဆာ လုပ်ပြီး တော့ ဖြန့်ချိရေးက ရာမတေးသံသွင်းပါ။

သူရဲကောင်းတို့ရဲ့နှလုံးသားစီးရီးထဲမှာ သီချင်းကောင်းတွေ တော်တော်




များများပါပါတယ်။ ဘာလို့ ပရိုတ်သတ်ကြားထဲ သိပ်မရောက်လဲဆိုတော့ အခြေ အနေ၊ အချိန်ကာလနဲ့ စနီးနဲ့ပဲဆိုင်တယ်လို့ထင်ပါတယ်။ ကျွန်တော့်အဖေ ကိုယ် တိုင် ပြောဘူးပါတယ်။ သူ့သေရှာအားထည့်ထားတဲ့ သီချင်းတွေက မပေါက်ပဲနဲ့ အခြားသီချင်းတွေက ထပေါက်သွားတာမျိုး။

သူတို့ တေးရေးဆရာနှစ်ယောက် ဦးညိုညိုသွင်၊ ဦးညိုညိုစံတို့နဲ့ ကျွန်တော် အဖေနဲ့ နောက်စီးရီးကျွန်တော်မသိတဲ့ ကျွန်တော် အတွက်သီချင်းတွေ အတူတူ ရေးကြ၊ ရွေးကြပါတယ်။ ပရိုဂျူဆာ ဦးသန်းလွင်ကလဲ စီးရီးက နောက် ကျနေလို့ ပူလှ၊ ဆူလှပါပြီ။

ကျွန်တော်မသိတဲ့ကျွန်တော်စီးရီး သွင်းနေတဲ့ တစ်ချိန်လုံးမှာ ကျွန်တော် အဖေနဲ့အတူ ရှိနေပါတယ်။ ရှိုးပွဲ ရှိရင်လဲ ခေါ်သွားတယ်။ အဲဒီတုံးက လွှတ်လပ် ရေးနေ့ဆို မြင်းပြိုင်ကွင်းမှာ ရှိုးပွဲအကြီးကြီးလုပ်တယ်။ အန်တီချိုပြုံးတို့လဲ လာ ဆိုကြ တယ်၊ လူကြီးမင်းများလက်ခုပ်တီးကြပါဆိုတာတော့ မှတ်မိတယ်။ အဲဒီ ရှိုးပွဲမှာ ကျွန်တော်အဖေဒုက္ခအကြီးကြီး ရောက်တာပေါ့။ သူက သီချင်းဆိုရင် ဂစ်တာတီးတယ်။ တီးနေရင်းနဲ့ ကြိုးတစ်ချောင်းပြတ်သွားတော့၊ စင်ပေါ်မှာဆို တော့ သူလဲဟန်မပျက်ဆက်တီး၊ ဆက်ဆိုနေပါသေးတယ်။ ဟန်မပျက်တီးနေရင်း နဲ့ နောက်ကြိုးတစ်ချောင်း ထပ်ပြတ်တော့၊ သူလဲဘာလုပ်ရမှန်း မသိတော့ဘူး။

အဲဒါနဲ့ နှစ်ခေါက် ဆိုရမယ့် အပိုဒ်ကို တစ်ခေါက်ပဲဆိုပြီး ဝင်အောက် ပြန်ဆင်းလာရ ပါလေရောဗျာ။

သူ စတုဒီယို သွားရင်တော့ ကျွန်တော်ကိုမခေါ်သွားသေးဘူး။ ငယ်သေး လို့နဲ့ တူတယ်။ ကျန်တာတော့ ဘယ်နေရာသွားသွား ကျွန်တော်ကိုခေါ်သွားတယ်။ မနက်ဆို တစ်ခါတစ်လေ ရန်ကင်း လေးလုံးတန်းဘက် လမ်းလျှောက်ပြီး လေးလုံး တန်းအိမ်မှာ မနက်စာသွားစားကြတယ်။ အဖေနဲ့အမေက အိမ်ခွဲနေတယ် ဆိုပေ မယ့် အခေါ်အပြောတော့ရှိပါတယ်။ တစ်ရက်ကျတော့ ကျွန်တော်အမေကပြော တယ်။ ညီမလေးကို ခေါ်ပြီး မြို့ထဲမှာ ပြောင်းနေမယ်တဲ့။ ဒီလိုနဲ့ ကျွန်တော်နဲ့ ကျွန်တော် အဖေ လေးလုံးတန်း အိမ်ကိုပြန်ပြောင်းလာခဲ့ပါတယ်။ ဒီတစ်ခါတော့ သားအဖ နှစ်ယောက်ထဲ၊ အရင်က ကျွန်တော်တို့ မိသားစုနေတဲ့အိမ်မှာ။

နောက်တစ်လလောက်နေတော့ ကျွန်တော်ဦးလေး ကိုမိုးသွင်သွင်ပါ ကျွန်တော်တို့နဲ့အတူ လိုက်နေပါတယ်။ သူက စာတွေ၊ ကဗျာတွေ ရေးတယ်ဗျ။ ကျွန်တော်စာဖတ်ဝါသနာပါလာတာ သူ့ကြောင့်လို့ ပြောရမယ်။ သူ့ဆီက စာအုပ် တွေကျွန်တော် ယူယူဖတ်တော့ သူကစည်းကမ်းမရှိရင် မကြိုက်ဘူးဗျ။ စာအုပ်ကို ခေါက်ပြီး ဖတ်လက်စနေရာ မှတ်တာတောင်မကြိုက်ဘူး။ ဆရာထင်လင်း ဘာသာပြန်တဲ့ စည်းအပြင်ကလူ၊ ပလိပ်၊ ဆရာဇော်ဇော်အောင်ရဲ့ မော်ဒန်ဝတ္ထုတို ပေါင်းချုပ် ခံစားကြည့်ပါ။ မကြည့်ပြာ သူ့ဆီကကျွန်တော်ဖတ်ဘူးတာပါ။ သူက ကိုဆောင်းဦး လှိုင်၊ ကိုမျိုးကျော့မြိုင်တို့နဲ့ ငယ်သူငယ်ချင်း။ ကိုဆောင်းဦးလှိုင် နဲ့ကိုမျိုးကျော့မြိုင် လဲငယ်ငယ်တုံးက အိမ်ကိုခဏခဏ လာဘူးတယ် ပြောတယ်။ ကျွန်တော်က ငယ်သေးတော့ သိပ်မမှတ်မိဘူး။ ကိုမိုးနဲ့ပတ်သက်ပြီး မှတ်မိတာ ကတော့ တစ်ခေါက် အိမ်မှာစည့်စာရင်းစစ်မယ်ဆိုလို့ သူတော်တော်များ တုပ်သွားတာကိုပါ။ သူက နိုင်ငံရေးကဗျာတွေရေးတယ်။ ဧည့်စာရင်း စစ်မယ်ဆို တော့ သူဘာလုပ်ရမှန်း မသိတော့ဘူး။ ကဗျာစာရွက်တွေကိုင်ပြီး အရေး အခင်း ကလည်း ပြီးခါစ၊ နောက် ဆုံးကျတော့ သူကဗျာစာရွက်တွေကစ်တာအိုးထဲ ထည့် ဖုက်လိုက်တယ်။

သူတို့ပြောတာတွေ တစ်ခါတစ်လေ ကျွန်တော်နားမလည်ဘူးဗျ။ က လေးဆိုတော့ ဥပမာ - ညလယ်ဟာ ခြေထောက်တွေကို ရိုက်ချိုးထားတယ်၊ အဲဒီ

စကား ကို တစ်ပတ်လောက်နေမှနားလည်သွားတယ်။ ကာမြွှကို ပြောတာပါလား ဆိုပြီး။ ကိုမိုးက မော်ဒန်ကဗျာဆရာကိုး။

ဒီလိုနဲ့ ကျွန်တော်တို့အိမ်မှာ စားသည်းချတဲ့ အထဲမှာဦးညီညီသွင်၊ ဦးညီညီ စံတို့ပါ ထပ်တိုးလာပါတယ်။ နောက် တောင်ကြီးက သီချင်းရေးတဲ့ ကိုငယ် ဆိုတာ တစ်ယောက်ရှိတယ်။ စီးရီးထုတ်ဖို့ လုပ်နေတဲ့ ပြည့်ပြည့်ဆိုတဲ့ အစ်ကိုကြီး လဲရှိ တယ်။ ယောက်ျားလေးတွေချည်းပဲ ပေါင်းစုပြီးသောင်းကျန်းကြသည်ပေါ့ဗျာ။ ကိုထူးအိမ်သင်နဲ့ ဦးအောင်ရင်လဲ တစ်ခေါက်ရောက်လာသေးတယ်။ ညဘက်ကြီး၊ သူတို့စီး လာတဲ့ ဆိုင်ကယ်ဆီပြတ်သွားလို့ဆိုလားမသိဘူး။ နောက်နေ့ကြတော့ ဦးညီညီ သွင်က သီချင်းတပုဒ်တီးပြတယ်။ တခါမှ မကြားဘူးတဲ့ တသားမျိုးနဲ့၊ မင်းမရှိရင် အသက်မရှင်ချင်ဘူး အချစ်ရယ်မနေ့က ငါသေဆုံးသွားခဲ့တယ်တဲ့။ တော်တော် နိုက်သွားတယ်။

ကျွန်တော်မသိတဲ့ကျွန်တော် စီးရီးထဲမှာ လာခေါ်လှည့်ဆိုတဲ့ သီချင်း တစ်ပုဒ်ပါတယ်။ ကျွန်တော်က နောက်ပြီးတော့ ကျွန်တော်အဖေကိုမေးကြည့် တယ်။ ဖေကြီးလို့ အဲဒီသီချင်းက မေကြီးကိုလာခေါ်နိုင်းတာလား ဆိုတော့ ဘာမှမ ပြောဘူးဗျ။ ရယ်နေတယ်။

"ကျွန်တော်မသိတဲ့ကျွန်တော် စီးရီးလဲထွက်လာပါပြီ။ အောင်မြင်ပါ တယ်။ ပေါက်တဲ့သီချင်းတွေများတယ်။ ရန်ကင်းထဲလမ်းလျှောက်လိုက်ရင် အဲဒီ အခွေပဲ ဖွင့်တာကြားနေရတယ်။ အဲဒီတုံးက အခွေတစ်ခွေ ပေါက်တယ်၊ မပေါက် ဘူး ဆိုတာ လက်ဖက်ရည်ဆိုင်မှာ ဘယ်လောက်ဖွင့်သလဲဆိုတာနဲ့ တိုင်း တာကိုး။ ကျွန်တော်နဲ့ ကျွန်တော့်အဖေနဲ့ မုန့်တွေဝယ်ပြီး ညီမလေးကိုမြို့ထဲမှာ သွားတွေ့ကြ တယ်။ အပြန်ကျတော့ ဦးသန်းလွင်ဆီဝင်တယ်။ ဦးသန်းလွင်ကလဲ ပျော်နေတယ်။ ကျွန်တော်ကတော့ မပျော်ဘူး။ ကျောင်းတွေ ပြန်ဖွင့်ပြီ။ ကျောင်းပြန်တက်ရတော့ မယ်။

(ချစ်လှမိုက်စီးရီး မထွက်ခင်က ကျွန်တော့်အဖေနဲ့ ရီရီထွန်း(ပညာရေး) နဲ့အင်တာဗျူး ထားတာ ဖြစ်ပါတယ်။ ချစ်လှမိုက် စီးရီးနဲ့ ပတ်သက်တာပဲ တင် ပေးလိုက်ပါတယ်။ ရုပ် ရှင်အောင်လံမဂ္ဂဇင်းမှာ ပါတာဖြစ်ပါတယ်။)

*တေးစီးရီး – ချစ်လှမိုက် (နိုင်မြန်မာ၊ အောင်နိုင်မော်၊ ဖိုးရှမ်း၊ စိုးလွှင်လွှင်)*

*ငယ်သူမို့ သီချင်း။*

ကျွန်တော်ရေးတတ်စ ငယ်ငယ်တုံးက ကလေးတုံးက ၉တန်း၊ ၁၀တန်း လောက်တုန်းက ကျွန်တော်ရဲ့ ငယ်ချစ်အတွက် ကျွန်တော်ခံစားပြီးရေးတယ်။ အသက်က ၁၆ နှစ်ပတ်ဝန်းကျင်မှာ အမှားအမှန်ဆိုတာ ဘာကိုမှ မချင့်ချိန်ခဲ့တဲ့အတွက် ကျွန်တော်တို့နှစ်ယောက်ဝေးခဲ့ရတယ်။ ဒါပေမယ့် ရင်မှာအမြဲတမ်းရှိနေမယ်၊ သူ့အတွက် ဘယ်တော့မှမေ့မရတဲ့အတွက် သည်သီချင်းကိုရေးပါတယ်။ ဘယ်တော့မှမေ့မရတဲ့ ငယ်ချစ်ဆိုတာ လူတိုင်းမှာရှိကြမယ်လို့ ကျွန်တော်ယုံကြည် တယ်။ အစ်မ ရီရီထွန်းမှာကော ရှိမယ်မဟုတ်လား။ (ကန်တော့နော်) အစ်မငယ် ချစ်ရှိခဲ့ဖူးတဲ့ ယောက်ျားလေး၊ မိန်းကလေးတိုင်းအတွက် ရည်ရွယ်ပြီးကျွန်တော် ရေးတယ်။ အားလုံးခံစားတတ်မယ်လို့ယုံကြည်တယ်။

*တေးစီးရီး – ချစ်လှမိုက် (နိုင်မြန်မာ၊ အောင်နိုင်မော်၊ ဖိုးရှမ်း၊ စိုးလွှင်လွှင်)*

*မင်းရဲ့ငါ သီချင်း။*

မေဆွိ ဆိုဖို့ရည်ရွယ်ပြီး ကျွန်တော်ရေးတယ်။ ဒါပေမယ့် သူ့ကိုမပေးဖြစ်ခဲ့ဘူး။ ဒီသီချင်းက ယောက်ျားလေးရော၊ မိန်းကလေးရော ဆိုလို့ရတဲ့သီချင်းမျိုး ချစ်သူရဲ့အနားမှာ အမြဲတမ်းရှိနေမယ့် ချစ်သူရဲ့အကြောင်းကို ကျွန်တော်ရေးတယ်။ လူငယ်တွေ ချစ်သူရှိတဲ့ ယောက်ျားများ၊ မိန်းကလေးများနှစ်သက်မယ့် သီချင်းတပုဒ်လို့ ယုံကြည်တယ်။ success က ကိုသိန်းဆွေရဲ့စန္ဒရား solo ကိုနှစ်သက်ကြပါလိမ့်မယ်။

ရင်ဆိုင်စရာစွမ်းအားမရှိတော့လို့ပါ

အောင်နိုင်မော်ရေးတဲ့သီချင်း၊ ၁၉၇၈ လောက်တုံးက မောင့်မျက်ရည်ဝိုင်း ဆိုတဲ့ စီးရီးကိုဆိုခဲ့ဖူးတဲ့ အောင်နိုင်မော်ရဲ့ရင်ဆိုင်စရာစွမ်းအားမရှိတော့လို့ပါ ဆိုတဲ့သီချင်းကိုနှစ်သက်ခဲ့တဲ့အတွက် ထည့်လိုက်ပါတယ်။ သီချင်းပေမယ့်လဲ ဘဝရေးတာ မပြေလည်တဲ့အတွက် ချစ်သူနဲ့ ရင်မဆိုင်ရဲတဲ့ သူ့ရဲ့ဝေဒနာကို ကျွန်တော်ဆင့်ပွားကူးယူပါတယ်။ ယောက်ျားလေးပရိတ်သတ် အတွက် နှစ်ခြိုက်မယ့်သီချင်းတပုဒ်ပါပဲ။

ဝေးသီတဲ့ငှက်

ဘသန်း(ဓိမ္မက)ဘာသာပြန်တဲ့ ယောနသံစင်ရော်ကို အားကျမိတဲ့အတွက် ဝေးသီတဲ့ငှက်ကို ရေးဖြစ်ပါတယ်။ အမြဲတမ်းကြိုးစားတဲ့ လူတယောက်ဘဝနဲ့နှိုင်းယှဉ်ပြီး ကျွန်တော်ဝေးသီတဲ့ငှက်ကို ရေးဖြစ်ပါတယ်။ သီချင်းနစ်သက်တဲ့ လူတစ်ယောက်ရဲ့လုံ့လ၊ ဝီရိယ၊ ဇွဲတို့ကို ဖော်ကျူးထားပါတယ်။ ကိုင်ဇာရဲ့ Arrangement ဖြစ်ပါတယ်။

ပိုင်ရှင်

နိုင်မြန်မာရဲ့ ပိုင်ရှင်မရှိခဲ့တဲ့ နှလုံးသားတစ်ခုအတွက် ခံစားပြီးရေးထားတဲ့သီချင်းကို ကျွန်တော်ဆိုပါတယ်။ ပိုင်ရှင်မရှိတဲ့ နှလုံးသားအတွက် နိုင်မြန်မာရေးတဲ့ သီချင်းကို ကျွန်တော်ခံစားပြီးဆိုထားပါတယ်။ လူပျိုကြီး၊ အပျိုကြီးများ နှစ်သက်မယ့် သီချင်းဖြစ်ပါတယ်။

ဝေးရပ်မြေဆီသွားရပြီ

ဖိုးရှမ်းရေးတဲ့ သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ရှမ်းပြည်ကနေ ထွက်ခွါတော့မယ့် ကောင်လေးတစ်ယောက်ရဲ့ ခံစားချက်ကို ကျွန်တော်ဆိုပါတယ်။

မှန်တာပြောရင်သစ္စာ

ကျွန်တော်ကိုသိပ်ချစ်တဲ့ ကျွန်တော်ချစ်သော ဇနီးအတွက်ရေးပါတယ်။ အမြဲတမ်း ကျွန်တော်အပေါ်မှာ ခွင့်လွှတ်တတ်တဲ့၊ သည်းခံတတ်တဲ့ အမြဲတမ်း ကျွန်တော့်ဘက်မှာ ရပ်တည်တတ်တဲ့ ကျွန်တော်ရဲ့မိန်းမကို သိပ်ချစ်ရတဲ့အကြောင်းပါပဲ။ ဒီလိုပဲ သိပ်ချစ်တတ်မယ့် လူသားတိုင်းခံစားရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ချစ်သူကလွဲရင် တခြားဘာကိုမှ မမက်မောတတ်တဲ့ သူတွေဟာ ဒီသီချင်းကိုနှစ်သက်ပါလိမ့်မယ်။

ညနေ

အေးချမ်းလှပတဲ့ ညနေခင်းတစ်ခုကို ကျွန်တော်ရေးပြီး ကျွန်တော်ဆိုပါတယ်။ ပန်းချီကား တစ်ချပ်လို လှပစွာခံစားနိုင်မယ့် သီချင်းဖြစ်ပါတယ်။

လမ်းဘေးစီးရီး

မအောင်မြင်သေးတဲ့ သီချင်းရေးသမားတယောက် အနှိမ်ခံနေရတဲ့ သီချင်းရေးသမားတယောက်ရဲ့ဘဝကိုနိုင်မြန်မာ ရေးပေးပါတယ်။ ကျွန်တော်နှစ်သက်တဲ့ သီချင်းတပုဒ်ပါပဲ။

ဒါတွေကတော့ ရိရိဝင်း(ပညာရေး) ရဲ့အင်တာဗျူးကို ဖြေထားတာတွေပါ။

ဒီလိုနဲ့ ကျောင်းတွေပြန်ဖွင့်တော့ ကျွန်တော်လဲကျောင်းပြန်တက်ရပြီ။ ကျောင်းတက်ရပြီဆိုတော့ ကျွန်တော့်အဖေက သူနဲ့နေရင်စာမလုပ်မှာစိုးလို့နဲ့တူပါတယ်။ ကျွန်တော်ကို ၁၂ လုံးတန်းက အဖွားအိမ် ပြန်ပို့လိုက်တယ်။ ကျွန်တော်ကတော့ ဘယ်နေချင်မလဲဗျာ။ အဖေနဲ့ပဲ နေချင်တာပေါ့။ ဒါပေမယ့် သူက ၁၂ လုံးတန်မှာ သွားနေဆိုတော့လဲ ကျွန်တော်ဘာမှမပြောပါဘူး။ ကျွန်တော့်အဝတ်အစားတွေထည့်ထားတဲ့ ကြိမ်ခြင်းကို ကိုမိုးကဆွဲပြီးလိုက်ပို့ပေးတယ်။ အဖွားအိမ်မှာတော့ အချိန်မှန်အိပ်၊ အချိန်မှန်စားပြီး အချိန်မှန် စာကျက်ရတယ်ပေါ့။ စနေ၊ တနင်္ဂနွေဆိုရင်တော့ အဖွားက လေးလုံးတန်းကိုလိုက်ပို့ပေးတယ်။ တစ်ခါတစ်လေ ကျွန်တော့်အဖေကြားရက်တွေမှာ အဖွားအိမ်မှာလာအိပ်တာမျိုးလဲရှိတယ်။

ပိတ်ရက်တွေမှာ ကျွန်တော်လာပြီဆိုရင်တော့ ကျွန်တော်တို့သားအဖနှစ်ယောက် လျှောက်သွားကြပါတယ်။ ညီမလေးဆီသွားတဲ့အခါလဲ သွားတယ် သူ့ရှိုးရှိရင်လဲ ကျွန်တော်ကိုခေါ်သွားတယ်။ တစ်ခါ မှတ်မိသေးတယ်။ ကျွန်တော်တို့သားအဖနှစ်ယောက် မြို့ထဲကနာမည်ကြီးစတိုးဆိုင်တစ်ခုမှာ အရုပ်သွားဝယ်ကြတယ်။ ကျွန်တော့်အဖေက ထူးထူးဆန်းဆန်းအရုပ်ဆို သိပ်သဘောကျတာဗျ။ ဘယ်လောက်ဈေးကြီးကြီး၊ ဘေးလူက ဘယ်လောက်ပဲတားတား ကျွန်တော်ကလဲ သဘောကျတယ်၊ အရုပ်ကလဲ ထူးထူးဆန်းဆန်းဆိုဝယ်ပေးတယ်။ ဘေးကသူ့သူငယ်ချင်းတွေက ပြောတောပေါ့။ ဟာ ကိုပို ဒီလောက်ဈေးကြီးတာကြီး ဝယ်ပေးတယ်။ ကြီးတော့ပျက်မှာပဲဆိုတော့၊ ဈေးကြီးတာအရေးမကြီးဘူးတဲ့။ ငါ့သားသမီးအကောင်းဆုံးတွေ ကိုင်နိုင်ဖို့အရေးကြီး တယ်တဲ့၊ အဲလို ပြန်ပြောပါတယ်။



[illegible]

ဒီလိုနဲ့ကျွန်တော်တို့နှစ်ယောက် ရေကြီးကြီးအရုပ်တစ်ခုကို ဝယ်ပြီးပြန်လာပါတယ်။ အရုပ်က ခာတ်ခဲထည့်ပြီးပစ်ရင် မီးလင်းပြီးအသံမြည်တဲ့ သေနတ်လားမသိဘူး။ အဲဒီတုန်းက နောက်ဆုံးပေါ်ပေါ့။ အရုပ်က ပတ်ကင်ပိတ်ဗျ။ အိမ်ရောက်လို့ ခာတ်ခဲထည့်ပြီး စမ်းလဲစမ်းရော၊ ပျက်နေပါရော။ ပျက်နေတော့ ကျွန်တော်တို့သားအဖ နှစ်ယောက်မြို့ထဲဆင်းပြီး ချက်ချင်းသွားပြန်လဲတာပေါ့။ စတိုးဆိုင် လဲမပေးဘူးဗျာ၊ လဲမပေးတော့ ကျွန်တော့်အဖေလဲ ပထမတော့ ကောင်းကောင်းမွန်မွန် ပြောပါသေးတယ်။ ပြောလို့မရတဲ့အဆုံးကျတော့ လာသွားသွားမယ်ဆိုပြီး ဆိုင်ရှေ့ကိုထွက်သွားပါတယ်။ ပြီးတော့ ဘာလုပ်လဲဆိုတော့ တန်ဖိုးကြီးကြီး ပျက်နေတဲ့အရုပ်ကို ဆိုင်ရှေ့မှာပဲ ပစ်ပေါက်ခွဲခဲ့ပါတယ်။ ၁၉၈၉ ဝန်းကျင်က မြို့ထဲပန်းဆိုးတန်းနားက စတိုးဆိုင်တခုရှေ့မှာ အရုပ်တစ်ရုပ်နဲ့ ရှုန်းရင်းဆန်ခတ် ဖြစ်နေတဲ့သားအဖနှစ်ယောက်ကို မြင်ဖူးရင် အဲဒါကျွန်တော်တို့နှစ်ယောက်ပါပဲ။

တစ်ရက်ကျတော့ စမ်းချောင်း ပဒုမ္မာကွင်းမှာ မှိုဆိုစရာရှိလို့ဆိုပြီး ကျွန်နော်တို့တစ်အိမ်လုံးသွားကြပါတယ်။ ဦးညီညီသွင်နဲ့ ဦးညီညီစံတော့ပါမပါ မမှတ်မိဘူး။ ကိုမိုးတော့ ပါတယ်။ ကိုပြည့်ပြည့်က ကားနဲ့လိုက်ပို့ပေးတယ်။ အပေါက်ဝရောက်တော့ စောင့်နေတဲ့ လူအုပ်ကြီးနဲ့ တိုးပါလေရော။ တိုးတော့ ကားကိုဖြေးဖြေး

ပဲ မောင်းပြီးဝင်ရတယ်။ ပရိတ်သတ်က ဟာဟိုမှာ ကိုပိုကြီးဆိုပြီး ကားနားကပ်ပြီးကားကိုပုတ်ပြီး နှုတ်ဆက်ကြတယ်။ ဝုန်းကနဲ အသံတွေတော့ကြားနေရတယ်။ ဘာဖြစ်မှန်း မသိသေးဘူး။ အဲဒါနဲ့ ဆိုစရာရှိတာ ဆိုပြီးအိမ်ပြန်လာတာပေါ့။ အိမ်ရောက်တော့ ကိုပြည့်ပြည့်က ကား ကိုသေ ချာစစ်ကြည့်တော့ ကားတစ်စီးလုံး ရစရာမရှိဘူးဗျာ ဆေးကွာတဲ့ နေရာကကွာ ပိန်တဲ့နေရာကပိန်။ ကိုပြည့်ပြည့် သူ့ကားကိုဘော်ဒီရုံပို့လိုက်ရပါတယ်။

အဲဒီတုန်းက ကျွန်တော့်ဦးလေးကိုမိုးနဲ့ ကိုပြည့်ပြည့်တို့ကသက် တူရွယ်တူတွေဆိုတော့ ပိုတွဲဖြစ်ကြတယ်။ ဦးညီညီသွင်၊ ဦးညီညီစံနဲ့ ကျွန်တော့် အဖေတို့ကတတွဲ။ ဦးညီညီသွင်၊ ဦးညီညီစံတို့က ဘောင်းဘီအပြတ်ဝတ်ပေမယ့် ကျွန်တော့်အဖေက ပုဆိုးပဲဝတ်ပါတယ်။ မဖြစ်မနေ၊ ရှိုးဆိုရမယ်ဆိုမှ ဘောင်းဘီဝတ်တတ်တယ်။ ရေချိုးလဲ အင်မတန်ပျင်းပါတယ်။ ဦးညီသွင်က ကိုပိုရေချိုးဦးဗျာဆိုမှ ရယ်ပြီး ချိုးပါတယ်။ ဒီလိုနဲ့နေလာရင်းကျွန်တော် လေးလုံးတန်းအိမ်မှာ ပြန်ပြောင်းနေရဖို့ဖြစ်လာပါတယ်။ ဘာဖြစ်လို့ လေးလုံးတန်းအိမ်မှာပြန် ပြောင်း နေဖို့ဖြစ်လာလဲဆိုတော့ အိမ်ကို ညီမလေးပြန်ရောက်လာလို့ပါ။ အမေက အဲဒီတုန်းက စီးပွားရေးကိစ္စတွေနဲ့ ခရီးခဏခဏ သွားရတယ်ဆိုတော့ ညီမလေးကို မကြည့်နိုင်တော့ပါဘူး။ ကျွန်တော်တို့ သားအဖသုံးယောက် လေးလုံးတန်း အိမ်မှာပြန်နေကြပါတယ်။ အဖေကလည်းကျွန်တော်တို့နဲ့ နေရတာ ပိုပျော် တယ်ထင်ပါတယ်။ ဒီတစ်ခါတော့ အဖွားအိမ်မှာသွားမနေနိုင်းတော့ဘူး။

တစ်ရက်ကျတော့ ကျွန်တော်စတူဒီယိုမှာ အသံသွင်းတာလိုက်ရဖို့ဖြစ်လာပါတယ်။ကျွန်တော်ကျောင်းကပြန်လာတော့ တစ်အိမ်လုံးသော့ခတ် ထားပြီးတော့ ဘယ်သူမှ မရှိဘူး။ အဲဒါနဲ့ ကျွန်တော်လဲ ရန်ကင်းတစ်ခုလုံးပတ်ပြီး ဆော့တာပေါ့။ မောပြီးပြန်ရောက်လာတော့ ညရှစ်နာရီလောက်ရှိပြီ။ အိမ်ကလဲသော့ ခတ်ထားတုန်းပဲ။ ဗိုက်ကလဲဆာနေပြီ။ ဘာလုပ်ရမှန်းမသိဘူး။ အဲဒါနဲ့ လမ်းထဲက လူတွေကို လိုက်မေးတော့ အပြင်ထွက်သွားတာတော့ တွေ့လိုက်တယ်တဲ့။ ဘယ်သွားမှန်း မသိဘူးတဲ့။ ကျွန်တော်လဲ လမ်းထိပ်က ဖုန်းဆက်တဲ့ အိမ်ကနေ စတူဒီယိုတွေကို ဖုန်းဆက်ပြီးလိုက်မေးတာပေါ့။ မေ စတူဒီယိုနဲ့ လင်းစတူဒီယို ဖုန်းနံပါတ် ကျွန်တော်ဆီမှာရှိတယ်။ စတူဒီယို နှစ်ခုစလုံးမှာ ကျွန်တော်အဖေမရှိဘူး။ ဒါနဲ့

ကျွန်တော်လည်းအိပ်ပြန်ပြီး အိပ်ရေးမှာပဲထိုင် စောင့်နေလိုက်တယ်။



ညီမလေးဝင့်ရွှေ အိမ်စည်သယ်ယိုက်တုန်းက

ညှ ၁၂ နာရီထိုး ခါနီးလောက်မှ အကုန်လုံးပြန်ရောက်လာ ကြပါတယ်။ ကျွန်တော်က အိမ်ရှေ့မှာ ငုတ်တုတ်လေးဆိုတော့ ကျွန်တော့်အဖေ သနားသွားပုံရပါ တယ်။ နောက်မှ သိရတာက အဲဒီနေ့က အိုအေစစ် စတူဒီယို မှာတဲ့။ နောက်ပိုင်း စတူဒီယိုသွားရင်အမြဲတမ်းခေါ်သွားပါတော့တယ်။ ကျောင်းရှိရင် တောင် ကျောင်းဖျက်ပြီး ခေါ်သွား တယ်။

ကျွန်တော်တို့သားအဖ သုံးယောက်ရန်ကင်းအိမ်မှာ နေတုန်းကမျော်စရာတွေရှုည်းပါပဲ။ ညီမလေးက ကျွန်တော်အဖေအတွက် ဂျုံသိန်းဆေးပေါ့လိပ်သွားဝယ်ပေးတယ်။ ဝယ်ပေးပြီး ပြန်ရောက်လာရင် မုန့်ဖိုးပေးတယ်ဆိုပြီး ၉၀ တန်တစ်ရွက်ထုတ်ပေးတယ်။ ကျွန်တော်ဒို့ကို အရမ်းအလိုလိုက်ပါတယ်။ ကျွန်တော့်အဖေက ပိုက်ဆံရလာပြီဆိုရင် ဒီတိုင်း ကျွတ်ကျွတ်အိပ်ကြီးနဲ့ထည့်ပြီး ခုတင်တိုင်မှာ ဆွဲထားတာချ။ အပြင်သွားရင်လဲ ကျွတ်ကျွတ်အိပ်ကြီး ဆွဲပြီးသွားတယ်။ မကုန်မချင်း ကိုသုံးတော့တာ။ ပိုက်ဆံစုဖို့ သူ့သူငယ်ချင်းတွေက ပြောရင် လူ့စိတ်ချမ်းသာဖို့ အရေးကြီးတယ်လို့ အမြဲတမ်းပြန်ပြောတယ်။ ကျွန်တော် တို့

သားအမေတွေ ပိုက်ဆံရှိရင် အင်းလျားလိတ်မှာ တက်စားကြတယ်။ အင်းလျားလိတ်ကို ရောက်ပြီဆိုရင် ကျွန်တော့်အမေက နိုင်ငံခြားသားတွေကို ရောင်းဖို့ပြထားတဲ့ ပန်းပုရုပ်တွေကို အပြီတမ်း စိတ်ဝင်တစားကြည့်တတ်တယ်။

ကျွန်တော်တို့အတွက် ပရိုက်ဗိတ်ကားတစီး အမြဲတမ်းငှားထားတယ်။ ညီမလေး ကိုဂါဝန်ဝယ်ပေးရင် တစ်မျိုးထဲကို ရောင်စုံဝယ်ပေးတယ်။ ညီမလေးကို အမြဲတမ်း လေဒီရှူးနဲ့ ဂါဝန်ပဲဝတ်ခိုင်းတယ်။ အဝတ်အစားတွေဆိုရင် မလျှော်ဘူး။ တစ်ပတ်လောက်ဝတ်ပြီး ဟောင်းသွားရင် ဒီအတိုင်းပဲ ရေချိုးခန်းထဲပစ်ထည့်လိုက် တာပဲ။ ရေချိုးခန်းထဲမှာ အဝတ်တွေကဆွေးပြီး အပုံကြီးဖြစ်နေတယ်။ ပိုက်ဆံ မရှိတော့ဘူးဆိုတော့လဲ မရှိသလို ရေသောက်ဗိုက်မှောက်ပြီး နေလိုက်ကြတာပါပဲ။ တခါတလေတော့ အိမ်နားကထမင်းဆိုင်မှာ အကြွေးစားရတဲ့ ရက်တွေလဲရှိတယ်။

ကျွန်တော့်အမေ ကျွန်တော်တို့ကို ဘယ်လောက်အလိုလိုက်သလဲဆိုရင် ကျွန်တော်ကအဲဒီတုံးက ငါးတွေမွေးတယ်။ ငါးကန်ရှည်ပဲ အကြီးလေးကန်၊ အသေးနှစ်ကန်ရှိတယ်။ ယုန်နှစ်ကောင်ရှိတယ်။ ကြွက်တူရွှေးနှစ်ကောင်ရှိတယ်။ ပြီးတော့ ကြွက်ဖြူ နှစ်ကောင်အိမ်မှာ မွေးထားတာရှိတယ်။ ဂိမ်းခွေဆို အခွေ ၅၀ ကျော်တယ်။ ထွက်သမျှကို ဝယ်ပေးထားတာ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့သားအဖေသုံးယောက် အဲလိုနေခဲ့ရတဲ့ဘဝတွေကို ဘာနဲ့လဲမလဲဆိုရင် ဘာနဲ့မှ မလဲနိုင်လောက်အောင်ပါပဲ။ တကယ့်ကို စိတ်ချမ်းသာစရာကောင်းတဲ့အချိန်တွေပါ။ ဒီလို အချိန်မျိုးတွေကို ပြန်ရှာလို့မရနိုင်တော့ပါဘူး။

ဒီလိုနဲ့တစ်ရက်ကျနော် စတူဒီယိုလိုက်သွားတော့ ဦးစောဘွဲ့မှူးနဲ့အတူမမြင်ဘူးတဲ့ အစ်ကိုကြီးတစ်ယောက်ကို မြင်လိုက်ရတယ်။ ဦးစောဘွဲ့မှူးကတော့ အရင်ထဲက ကျွန်တော်နဲ့ရင်းနှီးနေပါပြီ။ သူလင်းစတူဒီယိုမှာ သီချင်းရေးရင် ကျွန်တော့်ကို အမြဲတမ်းခေါ်သွားမှာ ခေါ်ထားတယ်။ သူ့အိမ်ပြီဆိုရင် အသံစုထွက်လာတတ်လို့ စတူဒီယိုက ကောင်လေးက အချိန်မှန်သခေါ်ဘကြီး ညြည်းခွဲတော့ မယ်လို့ အမြဲတမ်းနောက်တတ်တယ်။ အဲဒီ ကျွန်တော်မမြင်ဖူးတဲ့ အစ်ကိုကြီးက လည်ကတုံးအင်္ကျီအဖြူရောင်လေးနဲ့ ပုဆိုးလေးနဲ့ပေါ့။ မှတ်မှတ်ရရကျွန်တော်က

အဲဒီတုန်းက ဂျပန်ကလာတဲ့ တစ်စဆီဆက်ရတဲ့ အရှုပ်ကလေးကိုဆက်နေတာ၊ ဘယ်လိုမှဆက်လို့မရဘူး။ သူလာပြီး ကူဆက် ပေးတော့မှပဲ ရတော့တယ်။

ဦးစောဘွဲ့မှူးက အဲဒီအချိန်မှာ ဂစ်တာဆိုလိုတစ်မှ ဒိုကောင်းခန်းထဲမှာတီးနေတယ်။ သူကဂစ်တာတီးရင် အားနဲ့မာန်နဲ့ တီးတာဆိုတော့ အသက်ရှုသံကပြင်းပြီး ဘယ်လိုမှ အသံဖမ်းလို့ မရဘူး။ ဒါနဲ့ ကျွန်တော့်အဖေက ကျွန်တော်နဲ့အရှုပ် ဆက်နေတဲ့ အစ်ကိုကြီးကို မင်းတီးလိုက်ပါကွာတဲ့။ အဲဒီအကိုကြီးက ဦးစောဘွဲ့မှူးကိုလှမ်းကြည့်ပြီး ကျွန်တော်ဖြစ်ပါ့မလားဆိုတော့ ဦးစောဘွဲ့မှူးက ဖြစ်ပါတယ်တဲ့၊ ကိုပိုလဲတီးနိုင်းနေတာပဲတဲ့၊ အဲဒါနဲ့ သူလဲရိုကောင်းခန်းထဲဝင်ပြီး အားရပါးရ ဆွဲတော့တာပဲ၊ တီးပြီးထွက်လာတော့မိုက်တယ်ဆိုပြီးအားလုံးက သဘောကျနေကြတယ်၊ ဟုတ်ကဲ့၊ အဲဒီအစ်ကိုကြီးနာမည်ကို ချစ်စမ်းမောင်လို့ခေါ်မှန်း ကျွန်တော်နောက်မှ သိရပါတယ်၊ အဲဒီနေ့က ကျွန်တော်တို့အားလုံး မနက် ၅ နာရီထိုးမှ Studio ကနေအိမ်ပြန်ရောက်ကြတယ်။

အဲဒီနေ့က ဒိုကောင်းလုပ်တဲ့သီချင်းကတော့ မာနမျက်နှာပါ။ အဲဒီသီချင်းကို ကျွန်တော့်အဖေနဲ့ ဦးညီစံနဲ့ညဘက်ကြီး အိမ်မှာတိုင်ရေးထားတာ



မကြာသေးပါဘူး။ မိုးရေစက်တွေလိုပဲ လေထဲမြောလွင့်ပါမှာပေါ့။ ရေးတဲ့အချိန်က မိုးတွေရွာနေတာကိုး။ သတိရလို့ ထပ်ပြောပြရရင် မာနမျက်နှာသီချင်းနဲ့ Dire Strait ရဲ့ Money for Nothing နဲ့ယှဉ်ပြီးနားထောင်ကြည့်ပါ။ ထူးခြားတာလေးတွေရမှာပါ။

ကျွန်တော့်အဖေက သီချင်းရေးရင် စတူဒီယိုမှာပဲ ရေးလေ့ရှိတယ်ဗျ။ တချို့သီချင်းတွေ ဦးညီသွင် ဦးညီစံ တို့နဲ့ ရေးတာမျိုး ဆိုရင်တော့ အိမ်မှာအကြမ်းပဲ ရေးပြီးတော့ စတူဒီယိုရောက်မှ အချောပြန်ရေးတတ်တယ်။ စတူဒီယိုမှာကျတော့



[illegible]

တူရိယာပိုစုံလို့လားတော့ မသိဘူး။ တူရိယာ တော်တော်များများတော့ သူတီးတတ်တယ်။ တခါတလေကျရင် စတူဒီယိုရောက်မှ စန္ဒရားနဲ့ သံစဉ်ရှာတယ်။ ဂစ်တာကတော့ သူ့အပိုင်နိုင်ဆုံးပေါ့။ စတူဒီယိုရောက်ရင် electric ဂစ်တာတစ်လုံးနဲ့ အမြဲတမ်း effect တွေစမ်းနေတတ်တယ်။ သူ့အင်တာဗျူးတစ်ခုထဲမှာ ဖြေထားတာတော့ ဆရာမြို့မငြိမ်းကို အရမ်းအားကျတယ်တဲ့။ ဆရာမြို့မငြိမ်းကို အရမ်းအားကျတယ်တဲ့။ ဆရာမြို့မငြိမ်းကို အားကျလို့ ဆရာမြို့မငြိမ်းစတိုင် ဖမ်းတာလားတော့ မသိဘူး။ တစ်ခါတစ်လေ ညသန်းခေါင်းကျော်မှ ရန်ကင်းထဲ လမ်းလျှောက်ထွက်တတ်တယ်။ လူသံတိတ်ဆိတ်တဲ့ ရန်ကင်းလမ်းမကြီးပေါ်မှာ သီချင်းလေး၊ စာသားလေးရေးဖို့ စဉ်းစားနေတယ်ပေါ့ဗျာ။ သူစဉ်းစားတာက အကြောင်းမဟုတ်ဘူး။ ညဘက်ကြီးဆိုတော့ ကျွန်တော်တို့က စိတ်မချဘူး။

နောက်က တစ်ယောက်ယောက် အမြဲတမ်းလိုက်ရတယ်။ ကိုမိုးနိုးနေရင် ကိုမိုးလိုက် တယ်။ ကျွန်တော်နိုးနေရင် ကျွန်တော်လိုက်တယ်။

ရန်ကင်းထဲလမ်းလျှောက်ထွက်ရင်းနဲ့ အစုံတွေ့ပါ့ဗျာ။ မူးယစ်ဆေးဝါးသုံးစွဲသူ၊ ရည်းစားနဲ့ချိန်းတွေ့သူ လူငယ်တွေ စုတီးတဲ့ ဂစ်တာဝိုင်းအစရှိသဖြင့်ပေါ့။ တစ်ခုထူးဆန်းတာက အဲဒီလူတွေက ကျွန်တော်တို့ကို အဝေးကမြင်ရင် သူတို့လုပ်နေတာတွေတန့်သွားပေမယ့် ကျွန်တော်တို့ အနားရောက်လာရင်တော့ ဟာ ကိုပိုကြီး ဘယ်သူများလဲလို့ ဆိုပြီး သူတို့လုပ်စရာရှိတာ ဆက်လုပ်တာပါပဲ။



studio မှာ

ဦးညီသွင်နဲ့ ဦးညီစံကတော့ သီချင်းရေးရင်အိပ်မှာပဲ ရေးတာများတယ်။ မာနမျက်နှာထဲက သီးချင်းအများစုက သူတို့နှစ်ယောက်အိမ်မှာပဲရေးတာပါ။ သူတို့ကလဲ သီချင်းရေးရင် လူသံတိတ်ဆိတ်ပြီး တွေးလို့ကောင်းတဲ့ ညဘက်ပဲ ရေးတယ်။ ကျွန်တော်ကလဲ ညဘက်တွေဆိုမအိပ်ပဲ သူတို့နားသွားသွားရှုပ်တာပေါ့။ နောက်ဆုံးသီချင်းရေးလို့ မရလောက်အောင်အထိ ဖြစ်လာပြီဆိုရင်တော့ ဦးညီသွင်နဲ့ ကျွန်တော် ကိုးမီးဖဲရိုက်ကျတယ်။ ရှုံးသူအိပ်ကြေး။ ဦးညီသွင်ဖဲနိုးတယ်နဲ့ တူပါတယ်ဗျာ။ ကျွန်တော်အမြဲတမ်းရှုံးတယ်။ ဒါမှမဟုတ် သူစိတ်လက်ကြည်လင် တဲ့ အခါမျိုးဆိုရင် ကျွန်တော်ကိုကယ်ရီကေးချား ကာတွန်းပုံတွေဆွဲပြတယ်။

မာနမျက်နှာစီးရီးကလဲ အသံသွင်းတာ တော်တော်ခရီးပေါက်နေပါပြီ။ အဲဒီထဲက သီချင်းတော်တော်များများကို ဦးစောဘွဲ့မှူး လက်စွမ်းပြထားတာဗျ။ ကကြိုးမဲ့ရှစ်သေး သီချင်းကိုနားထောင်ကြည့်ပါလား။ သူ့လက်စွမ်းပြ solo နဲ့ စဖွင့်တာ။ အသံသွင်းနေတုံးက စိတ်ကူးယဉ်ဆိုတဲ့ သီချင်းကိုတော့ အခါခါ ပြန်သွင်းလိုက်ရတယ်။ မှန်မဝင်လို့ဆိုပြီး ကျွန်တော့်အဖေက သီချင်းဆိုရင်မှန် ကိုအဓိကထားလေ့ရှိတယ်။ key ချော်သွားတာတွေဘာတွေ သိပ်စိတ်မဝင်စား ဘူး။ မှန်ပါရင် ပြီးရော။ စိတ်ဖြေသီချင်းမှာဆိုတဲ့ သူ့မှန်ကို နားထောင်ကြည့်ပါ လား။ ဦးညီသွင်က ဘာပြောလဲဆိုတော့ ဒီသီချင်း ငါရေးတုန်းက ဒီပုံစံမဟုတ် ဘူးကွတဲ့၊ သူ့မှန်နဲ့ဆိုလိုက်တော့ သီချင်းကပုံစံတမျိုး ပြောင်းသွားတယ်တဲ့။ နိမိတ် ဆိုတဲ့ သီချင်းတပုဒ်လဲပါတယ်။

အဲဒီသီချင်းက ပထမဆုံးစီးရီး မင်းထက်သာတဲ့ လူမှာစပါတာ။ မင်းထက်သာတဲ့လူ စီးရီးကာတာကို အဲဒီအချိန်ကျမှ ကျွန်တော်စမြင်ဘူးတာဗျ။ နိမိတ် သီချင်းအသံသွင်းမယ်ဆိုရင်တော့ ကျွန်တော့်အဖေက အဲဒီအခွေကိုထုတ် လာပြီးကက်ဆက်ထဲထည့်ဖွင့်၊ တခါထဲနတ်စ်ထိုင်ရေးတော့ ကျွန်တော်က ကျွန်တော့်အဖေကို မေးတာပေါ့။ ဟင် ဖေကြီး ဒီအခွေကဘယ်တုံးကထွက်တာ လဲဆိုတော့ ကျွန်တော့်ခေါင်းကိုပွတ်ပြီး ကြာပြီတဲ့ သားဘယ်လိုသိမလဲတဲ့ အဲလို ပြန်ဖြေတယ်။ ပြီးတော့ အဲဒီနိမိတ်သီချင်းကို သူနဲ့ ဦးညီသွင်နဲ့ ထည့်မယ်မထည့် ဘူးငြင်းနေတာ အကြာကြီးပဲ။ နောက်ပြီးတော့လဲ ထည့်လိုက်ပါတယ်။

မာနမျက်နှာစီးရီး ထွက်လာတော့လဲ အောင်မြင်ပါတယ်။ နိမိတ် သီချင်း ကစပြီး သီချင်းတော်တော်များများ ပေါက်တယ်။ မအောင်တာက ကျွန်တော်ပါ။ အဖေနဲ့ စတူဒီယိုလိုက် မနက်ဆိုနောက်ကျမှ ထညဆိုမအိပ် ကျောင်းမသွား လုပ် နေတဲ့ ဆိုးမိုက်ငပေတေလေ ကျွန်တော်မောင်ဒေဝဟာ လေးတန်းအစိုးရစစ် ပထမ အစမ်းစာမေးပွဲ ကျပါတော့တယ်။

ပထမအစမ်းစာမေးပွဲကျတော့ ကျွန်တော့်အဖေက ကျွန်တော်ကိုဘာမှ မပြောပါဘူး။ ဆူပူခြင်းလဲ မရှိဘူး။ ခါတိုင်းလဲ ရီပို့ကတ်ကို ကျွန်တော်ကသူ့ကိုပြတယ် ဆိုရုံပဲပြပြီးတော့ လက်မှတ်ကတော့ ကျွန်တော်ပဲ အဆင်ပြေသလိုထိုး လိုက် တာပါ။ စကားတခွန်းတော့ ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး ပြောတယ်ဗျ။



မင်းဘာလုပ်ရမလဲ မင်းသိတယ်မဟုတ်လားတဲ့။ ကျွန်တော်ကလဲ ဟုတ်ကဲ့ပေါ့။ ပြီးတော့ မုန့်ဖိုး ၅၀ တန်တရွက်တောင်းပြီး ထွက်လာလိုက်တာပါပဲ။ တစ်ခု ကံကောင်းတာက ကျွန်တော်တို့အတန်းပိုင်ဆရာမက အိမ်ရှေ့မှာနေတာဆိုတော့ ကျွန်တော်တို့အကြောင်းကို သိနေတယ်။ ဓာတ မင်းပြန်ဖြေမလားဆိုတော့ ဟုတ်ကဲ့ ပြန်ဖြေပါ့မယ် ပေါ့။ အတန်းနောက်မှာ ကျွန်တော်တစ်ယောက်ထဲ ပြန်ဖြေရပါတယ်။ ဖြေပြီးလို့ ဆရာမက ချက်ချင်းအမှတ်စစ်ပေးတော့ ထပ်ကျပါ တယ်ခင်ဗျား။ ကျမှာပေါ့။ စာတလုံးမှ သိမှမသိတာ။ ထပ်ကျတော့ ဆရာမလဲ ဘာမှမတတ်နိုင်တော့ပါဘူး။ ကျတဲ့အတိုင်းပဲ တင်ပေးလိုက်ရပါတော့တယ်။ အိမ်ရောက်တော့ ကိုမိုးကျွန်တော့်ကို မောင်းပါတော့တယ်။ ဒတူဒီယိုလိုက်လဲ ကျွန်တော်တအုပ်တစ်အုပ်နဲ့ စာကျက်ရပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်တော့်အဖေက ဦးခိုင်ထူးနဲ့ တစ်ယောက်တစ်ခြမ်း စီးရီး သွင်းနေတာဗျ။ ထားရစ်ခဲ့နေခဲ့တော့မယ် ဆိုတဲ့စီးရီး။ အဲဒီစီးရီးက လူသိပ်မသိ လိုက်ဘူးနဲ့တူတယ်။ အဲဒီစီးရီးမှာ ဦးသန်းလွင်မဟုတ်တဲ့ ပရိုဂျူဆာနောက် တစ်ယောက်ကို ပထမဦးဆုံး စပြီးမြင်ဖူးခြင်းပါပဲ။ ကိုကြည်မင်းသိန်းတဲ့။ သရဇီဝေးသံသွင်းက ဒီစီးရီးနဲ့ ပတ်သက်ပြီးမှတ်မှတ်ရရရှိတာတော့ အဲဒီစီးရီး စသွင်းတော့မှ electric drum ဆိုတာကိုစပြီးမြင်ဖူးတာဗျ။ သူက ဒီအတိုင်းတီးရင်

အသံမထွက်ဘူး။ ပလပ်ထိုးပြီးတီးတော့မှအသံထွက်တယ်။

တစ်ရက်ကျတော့ ကျွန်တော်လဲ ရီကောဒင်းခန်းထဲ ဝင်စာကျက်နေရင်းနဲ့ အိပ်ပျော်သွားပါတယ်။ ကျွန်တော့်အဖေက ရီကောဒင်းဝင်လာတာ မသိလိုက်ဘူး။ ကျွန်တော်ကလဲ ချောင်လေးမှာ အိပ်ပျော်နေတာဆိုတော့ သူလည်း ကျွန်တော်ကို မမြင်ဘူးနဲ့တူပါတယ်။ သူက မှတ်တွေထည့်ပြီး အားရပါးရဆိုတာပေါ့။ အားလုံးပြီး သွားတဲ့အချိန်မှ ကျွန်တော်လဲနိုးလာပါတယ်။ နိုးလာတဲ့ ကျွန်တော့်ကိုမြင်ပြီး သူတော်တော်စိတ်ညစ်သွားပုံရတယ်။ အဲဒီသီချင်း အစအဆုံးပြန်ဆိုလိုက် ရပါတယ်။ ရှိုင်းတဲ့နဒီတဲ့ သီချင်းနာမည်က နောက်ပိုင်းပြန်ဆိုတဲ့ ချစ်ပြုံးစီချယ်လဲ အဲဒီရီး ထားရစ်ခဲ့နေခဲ့တော့ မယ်ထဲမှာပါတာပါ။

ဦးစောဘွဲ့မှူးကတော့ အဲဒီအချိန်မှာ ကျွန်တော်စတူဒီယိုလိုက်လာပြီဆိုရင် အမြဲတမ်းပြောပါတယ်။ စာကျက်စာကျက် ဆိုပြီးတော့။ သူကြည့်လိုက်ရင် ကြမ်းပေါ်မှာ ပုံနှိပ်ကြီးထိုင်ပြီးတော့ ဂစ်တာတီး မတီးရင် နတ်စ်ထုတ်နေတာချည်းပဲ။

အဲဒီလိုနဲ့တစ်ရက်ကျတော့ ကျွန်တော်တို့ရဲ့ ပရိုက်ဗိတ်ကားမောင်းတဲ့ လူက မြူးတူးပြီတဲ့နဲ့ အိမ်ကိုရောက်လာပါတယ်။ ကျွန်တော့်အဖေက အိပ်နေတုန်း ကျွန်တော်တို့က ဗိုင်းမေးကြတာပေါ့။ ဘာဖြစ်လာတာလဲလို့။ ကားသမားက ပြန်ဖြေပါတယ်။ မနေ့ညက ကိုဗိုကားယူသွားတယ်တဲ့။ ခါတိုင်းဆို ကျွန်တော်တို့အိမ်နားက ကားထိုးတဲ့နေရာမှာ ပြန်ထိုးထားနေကျတဲ့။ အခုမရှိဘူးတဲ့ဆိုတော့ တစ်အိမ်လုံး မျက်လုံးပြူးသွားတာပေါ့။ အဲဒါနဲ့ ကျွန်တော့်အဖေကို နှိုးပြီးမေးရပါတော့တယ်။ သူကလဲ အိပ်ချင်မူးတူးနဲ့ ကျွန်တော်တို့က ကားဘယ်မှာထားခဲ့လဲ ဗိုင်းမေးကြတော့ မနေ့ညက ငါ့အင်းလျားသွားတယ်တဲ့။ ဒါပဲပြောပြီး ပြန်အိပ်သွားတော့ ကျွန်တော်တို့လဲ ကားသမားကိုခေါ်ပြီး အင်းလျားကို လိုက်ရတော့တာပေါ့။ အင်းလျားရောက်တော့ ကားကိုအလုံးအထည်မပျက် ပြန်တွေ့ရပါတယ်။

အဲဒီနားက စားသောက်ဆိုင် ကဘာပြောလဲဆိုတော့ မနေ့ညထဲက အဲဒီကားကိုတွေ့တယ်တဲ့။ ကိုစိုးလွင်လွင် မောင်းလာတဲ့ ကားမှန်းသိလို့ ကြည့်ပေးထားတဲ့ ကားကဆီတော့ကုန်နေပါပြီ။ အဲဒါနဲ့ အိမ်ပြန်ရောက်တော့ ကျွန်တော့်အဖေက နိုးနေပြီ။ အဲဒါနဲ့ သူကိုထပ်ပြီး ဗိုင်းမေးကြတာပေါ့။ ကားဘာလို့ထားခဲ့လဲ

ဆိုပြီး။ သူပြောတာက ကားက အင်းလျား အရှေ့ဘက်မှာ ဆိုက်ကပ်သွားတယ်တဲ့။ အဲဒါနဲ့ အင်းလျားပေါ်တက်ထိုင်ပြီး ပြန်ဆင်းတော့ မမှသွားတာတဲ့။ ကောင်းရောချာ။

သူသတိရချင်တဲ့ဟာကြတော့လဲ သတိရနေရောဗျ။ တစ်ရက်ကျတော့ ကျွန်တော်တို့သားအဖတွေ မြို့ထဲသွားပြီး ထုံးစံအတိုင်း အရုပ်သွားဝယ်ကြပါတယ်။ လမ်းမှာ လူတစ်ယောက်နဲ့တွေ့တော့ အဲဒီလူလက်ကိုဆွဲပြီး ကျွန်တော့်ပေးထားတဲ့ ကချာလေးရောတဲ့။ အဲလိုမေးတော့ ဟိုလူက ကြောင်ပြီးကြည့်နေတာပေါ့။ အဲဒီလူကတာနယ်ဇင်းသမားနဲ့ တူပါတယ်။ သူက ကိုပို့တဲ့၊ ခင်ဗျား ကျွန်တော့်ကို ဘာကချာမှ မပေးထားပါဘူးတဲ့။ အဲဒါနဲ့ ကျွန်တော့်အဖေက သူ့ကိုကချာခေါင်းစဉ်ရော ကချာရောရွတ်ပြလိုက်ပါတယ်။ အဲဒီကျတော့မှ ဟာဗျာတဲ့ ခင်ဗျားတော်တော် နောက်တဲ့လူတဲ့ခင်ဗျား ကျွန်တော့်ကို အဲဒီကချာပေးထားတာ ၅ နှစ်လောက်ရှိပြီတဲ့။ အဲဒီလို မျိုးပါ။

တဖြေးဖြေးနဲ့ကျွန်တော်လဲ လေးတန်းအတန်းတင်စာမေးပွဲဖြေရဖို့ နီးလာပါပြီ။ ကိုမိုးက ကျွန်တော့်ကိုစာကူကျက်ပေးပါတယ်။ ကျွန်တော်က သူ့ဆီမှာ ကျက်ပြီးသားစာတွေ ပြန်အံရပါတယ်။ မောင့်မျက်ရည်ဝိုင်း စီးရီးစသွင်းတဲ့ အချိန်နဲ့တူတယ်။ ဒီလိုနဲ့ စာမေးပွဲ တကယ်ဖြေရပြီတော့လဲ ကိုမိုးကျေးဇူးနဲ့ ဖြေနိုင်ပါတယ်။ စာမေးပွဲစဖြေပြီး ၂ ရက်လောက်နေတော့သူလဲ ကျွန်တော့်ကို စိတ်ချသွားတယ်နဲ့တူပါတယ်။ အိမ်ခဏပြန်ဦးမယ် ဆိုပြီးပြန်သွားတယ်။ အဲဒီမှာ ပြဿနာစတော့တာပဲ။

တစ်ရက်ကျတော့ စတူဒီယိုမှာ ရိုက်ကွင်းရှိလို့ကျွန်တော်လဲလိုက်သွား ပါ တယ်။ စာမေးပွဲတွင်းကြီးပါ။ မနက်ကျတော့ ကျွန်တော်တို့သားအဖတွေထုံးစံအတိုင်း အိပ်နေတာပေါ့။ ကျွန်တော့်နားထဲမှာ ကျွန်တော့်နာမည်ခေါ်နေတဲ့ အသံတော့ကြားနေရတယ်။ ဘယ်သူမှန်းမသိသေးဘူး။ အဲဒါနဲ့ လူးလဲထပြီး အိမ်ရှေ့ထွက်ကြည့်လိုက်တော့ အတန်းပိုင်ဆရာမ၊ စာမေးပွဲစပြီး ၁၅ မိနစ်လောက်နေတဲ့အထိ ကျွန်တော်ရောက်မလာသေးလို့ ကျွန်တော့်ကိုလာခေါ်တာ။ အဲဒါနဲ့ ကျွန်တော်လဲ မျက်နှာတောင်မသစ်နိုင်ဘူး။ စာမေးပွဲဖြေဖို့ ကွန်ပါဘူးဆွဲပြီး ဆရာမနဲ့အတူ ကျောင်းကို ပြေးရပါတော့တယ်။ ကျောင်းရှေ့

ပေါက် တံခါးမကြီးက ပိတ်သွားပြီဖြစ်လို့ ကျွန်တော်တို့ ၂ ယောက်စလုံး ခွေးတိုးပေါက်ကဝင်ရပါတယ်။ အထဲရောက်တော့ ဆရာမက ကျွန်တော့်ကို နင်မသိမသာလေး စောင့်ကြည့်နေလိုက်တဲ့ဆိုပြီး ထွက်သွားပါတယ်။ အဲဒီနှစ်က နှစ်ချင်းပေါက်အောင်ပါတယ်ခင်ဗျား။ ဆရာမ ကျေးဇူးကြောင့်ပါ မဟုတ်ရင် ကျွန်တော်အိပ်နေတာနဲ့ စာမေးပွဲကျဖြစ်မှာ မဟုတ်ပါဘူး။ ဘဝမှာမှတ်မှတ်ရရပါပဲ။

ကျွန်တော့်အဖေက ဗွီဒီယို/ရုပ်ရှင်ကြည့်ရခြင်းကိုလဲ နှစ်သက်ပါတယ်။ တစ်ခါတစ်လေ ကျွန်တော်တို့အိမ်မှာ ဒေါက်စက်ငှားပြီး အခွေတွေကြည့်ကြတယ်။ ကြောက်ကားပေါင်း မိုးအလင်းပေါက်ပေါ့။ အဲဒီတုံးက ခေတ်စားတဲ့ Cobra တို့ Top Gun တို့ပြီးတော့ အာနိုး Preadator လားမသိဘူး။ အိမ်မှာ အဖြူအမည်း ကျွန်တော်ဂိမ်းဆော့တဲ့ TV တလုံးပဲရှိပါတယ်။ အဲဒါနဲ့ပဲ မိုးလင်းပေါက်အခွေတွေထိုင်ကြည့်ကြပါတယ်။ မြန်မာကားတွေတော့ မကြည့်ဖြစ်ဘူးဗျ။

မောင့်မျက်ရည်ပိုင်းစီးစီး စသွင်းတော့ ပရိုဂျူဆာ မန္တလေးဦးနေဝင်းအိမ်လိုက်လာတယ်။ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ကျွန်တော်တို့ သားအဖတွေကိုကြည့်ပြီးအံ့ဩသွားပုံရတယ်။ ကျွန်တော်ကလဲ ဆံပင်အရှည်ကြီးနဲ့. လက်သည်းတွေကလဲ အရှည်ကြီး။ ကျွန်တော်မွေးထားတဲ့ တိရစ္ဆာန်တွေကြားထဲမှာ။ ညီမလေးကလဲ အိုဇာတင်း အမှုန့်တွေ ဒီတိုင်းထိုင်စားနေတယ်။ ကျွန်တော့်အဖေကလဲ တစ်လလောက် မလျှော်ရသေးတဲ့ ဂျင်းဂျာကင်ကြီးကို ဝတ်ပြီးပုဆိုးအပေါက်ကြီးနဲ့ အနေစုတ်ပေမယ့်အထင်တော့ မသေးနဲ့ဗျ။ ကျွန်တော့်အဖေက ဆံပင်ညှပ်ရင် အင်းလျားလိတ်မှာပဲညှပ်တယ်။

မန္တလေးဦးနေဝင်းကို ပရိုဂျူဆာမို့လို့ဒုက္ခပေး တာ လားတော့မသိဘူး။ သူ ဆံပင်ညှပ်ချင်ရင် ဦးနေဝင်းအမြဲတမ်း အင်းလျားလိတ်ကို အမြဲတမ်းလိုက်ပို့ရတယ်။ ထုံးစံအတိုင်း သူ့ရဲ့မပါမဖြစ် ကျွတ်ကျွတ်အိတ်ကြီး လဲပါသပေါ့။ ဦးနေဝင်းက သူ့ကို လယ်သာပိုက်ဆံအိတ်ကြီးတလုံး ဝယ်ပေးပါသေးတယ်။ သူ့ကိုကပိုက်ဆံအိတ်မကိုင်တတ်တာဗျ။ ပြီးတော့ရေသောက်ရင် Evian တံဆိပ်မှသောက်တယ်ဗျ။ ဦးနေဝင်းပျားတုပ်တာပေါ့။

ဦးနေဝင်းက မန္တလေးသား စစ်စစ် မည်းမည်း ဝဝကြီးဗျ။ ကွမ်းလဲ အမြဲတမ်းစားတယ်။ ကျွန်တော်တို့ မောင်နှမကိုတော့ ချစ်ပုံရတယ်။ ကျွန်တော့်ကို

မင်းအမွှေထားတဲ့ အကောင်တွေအစာကျွေးပြီးပြီလားလို့ အမြဲတမ်းမေးတတ်တယ်။ တခါတလေ သူငါးစာထုပ်တွေလဲ ဝယ်ဝယ်လာတတ်တယ်။ ကျွန်တော်က အဲဒီတုံးက ကဗျာလေးတစ်ပုဒ် ရေးထားတာကိုသူတွေ့သွားပြီးတော့ နောင်သူနဲ့ ကျွန်တော် နှစ်တော်တော်ကြာမှပြန်တွေ့တာတောင် မောင်ကောင် မင်းကဗျာတွေရေးသေးလားလို့ မေးတတ်တယ်။

မောင့်မျက်ရည်ဝိုင်း စီးရီးသွင်းတော့ အလွမ်းရင့်အလွမ်းမပြယ်ဆိုတဲ့ သီချင်းမှာ ဦးညီသွင်နဲ့ဦးညီစံတို့ ဟာမိုနီလိုက်ပေးကြပါတယ်။ သူတို့ နှစ်ယောက်အသံလဲ တော်တော်ကောင်းတယ်ဗျာ။ ဘာလို့ အဆိုတော်မဖြစ်လဲတော့ ကျွန်တော် လဲမသိဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်က သီချင်းဆိုရတာထက် သီချင်းရေးရတာ ပိုပျော်တယ်ထင်ပါတယ်။ တစ်ချို့သီချင်းတွေလဲ ဦးညီသွင် Bass ဝင်တီးပေးထားတာ ပါ။ မျက်လုံးရှိုင်းသီချင်းမှာလဲသူ Bass ဝင်တီးထားတယ်။

ကျွန်တော်အခုရေးနေတဲ့ မိုးကောင်းကင်ကိုဖွင့်ခဲ့သူ Title ကိုအဲဒီစီးရီး ထဲက သီချင်းတစ်ပုဒ်ဆီက ယူထား တာပါ။ မြေကြီးဘဝကနေ ကြိုးစားပြီး မိုးကောင်းကင် အထိတက်လှမ်းပြီး တံခါးတွေ ကို ဖွင့်ချင်တဲ့ အကြောင်းရေး ထားတာပါ။ သီချင်းနာမည်က မိုးကောင်းကင်ကိုဖွင့်လှစ်ခြင်းတဲ့။ ကျွန်တော်တို့ အမှတ်တရ live show လုပ်တုန်းကလဲ အဲဒီ Title ပဲသုံးပါတယ်။ မောင့်မျက်ရည်ဝိုင်းကတော့ ဦးကိုင်ဇာရေးပြီး သူဆိုတော့ ပေါက်သွားတဲ့သီချင်းပေါ့။ အဲဒီထဲက ရက်စက်တယ် သီချင်းကိုမှတ်မိတယ် မဟုတ်လား။ ရိုရိုးရိုး ရက်စက်တယ် ဆိုတာလေ။ အဲဒါကျွန်တော့်အဖေရဲ့ ရည်းစားဦးဗျ။ ၃၅ လမ်းထဲမှာနေတယ်။

တစ်ရက်ကျတော့ ကျောက်ကုန်းပေါ်က ကျွန်တော်တို့မုန့်ဝယ်နေကျ ဆိုင်မှာမုန့်သွားဝယ်ကြပါတယ်။ နိုင်ငံခြားကလာတဲ့ မုန့်စုံစုံလင်လင်ရှိတာ အဲဒီ ကာလတုန်းက အဲဒီကျောက်ကုန်းပေါ်ကဆိုင်တစ်ဆိုင်ပဲ ရှိတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့အဖေကလဲ သားသမီးတွေကို မတွေ့တာကြာလို့ဆိုပြီး အိမ်လိုက် လာတယ်။ အိမ်မှာမရှိဘူး။ မုန့်ဆိုင်သွားတယ်ဆိုတော့ မုန့်ဆိုင်ကို လိုက်လာ ပါတယ်။ ညီမလေးကအာမေကိုတွေ့တော့ သူ့ကိုပြန်လာခေါ်တယ်ထင်ပြီး ငိုပြီး တော့ ကားအနောက်ခန်းမှာ ပုန်းနေပါလေရော။ အဖေနဲ့နေရတာပျော်တာကိုး။ လုပ်ချင်တာလုပ်နေရတဲ့ ဘဝဆိုတော့ အဲဒါနဲ့ အမေလဲ ကျွန်တော်တို့ကိုကြည့်ပြီး

ပြန်သွားပါတယ်။

မောင့်မျက်ရည်ဝိုင်း စီးရီးမထွက်ခင် တစ်ပတ်လောက်အလိုမှာ ပြဿနာတစ်ခုတက်ပါသေးတယ်။ ကျွန်တော်တို့ ရိုက်တာဒင်းကနေ ယူလာတဲ့ အခွေကြမ်းက ဘယ်ကနေဘယ်လိုပြန့်သွားလဲ မသိဘူး။ အိမ်မှာက ဝင်ထွက်တဲ့လူတွေကလဲ အရမ်းများတယ်ဆိုတော့။ ရန်ကင်းထဲက လက်ဖက်ရည်ဆိုင် ၄၊၅ ဆိုင်လောက်မှာ ဖွင့်နေကြပါတယ်။ အဲဒီခေတ်တုန်းကတော့ အခွေမထွက်ခင် အခွေပြန့်ရင်နစ်နာတယ်ဆိုတော့ ကျွန်တော်တို့လဲ လက်ဖက်ရည်ဆိုင်တွေကို အကျိုးအကြောင်းလိုက်ပြောပြီး လိုက်သိမ်းရပါတယ်။ နောက်တစ်ပတ်နေလို့ အခွေတကယ်ထွက်တော့ တောင်းပန်တဲ့အနေနဲ့ တစ်ဆိုင်ကို ၅ ခွေပြန်ပေးလိုက်ရပါတယ်ခင်ဗျ။ မောင့်မျက်ရည်ဝိုင်းကလဲ အောင်မြင်ပါတယ်။ အမှန်ကတော့ မောင့်မျက် ရည်ဝိုင်းနဲ့ နောက်စီးရီးတစ်ခုနဲ့အတူတူတည်တာပါ။ နောက်စီးရီးကလက်ရွေး စင်ဆိုတော့ မောင့်မျက်ရည်ဝိုင်းကို ဦးစားပေးပြီး ထွက်လိုက်တာပါ။

နောက်စီးရီးသွင်းနေဆဲကာလမှာပဲ ကျွန်တော်တို့မောင်နှမနှစ်ယောက်နဲ့ အဖေနဲ့ ကောခွဲရဖို့ဖြစ်လာပါတယ်။ နွေရာသီကျောင်းပိတ်ရက်ကာလဆိုတော့ ကျွန်တော်တို့ကို အမေဘက်က အဒေါ်ငယ်က တောင်ကြီးကိုခေါ်သွားပါတယ်။ တောင်ကြီးမှာ ၁ လလောက်ကြာမယ်ထင်တယ်။ ကျွန်တော့်အဖေက ကျွန်တော်တို့ကို သူ့အလုပ်အားတိုင်း ဖုန်းဆက်ပါတယ်။ ပြီးတော့ စာလေးတစ်စောင်လဲ ပို့လိုက် တယ်ဗျ။ စာထဲမှာဘာရေးထားလဲဆိုတော့ ဖိုးဒေဝ၊ ဖေကြီးရှာကင် ဝယ်ပေး လိုက် တယ်။ သားလိုချင်တဲ့ စက်ဘီးလဲဝယ်ပေးမယ်။ ဖေကြီး သားတို့ဆီကိုလာတဲ့ အခါ ကျရင် သားစက်ဘီးရမှာပေါ့။ ဖေကြီး သားတို့ကို အမြဲတမ်း သတိရပါတယ်။ အဲဒီမှာ လိမ်လိမ်မာမာနေပါ။ ဦးအောင်ဇော်နကိုလဲ ပြောပြပါ။ ဖေကြီး သားတို့ကို လာခေါ်မှာ ပါလို့။ ဖေကြီးရယ် သားရယ် ညီမလေးရယ် နေကြမယ်လေ။ သားကြိုက်တယ်မဟုတ် လား။ ညီမလေးကိုလည်း ဂရုစိုက်ပါ။ သကြန်ပြီးရင်ဖေကြီးလာခဲ့မယ်။ နေကောင်းအောင် ဂရုစိုက်ပါ။ ဖေကြီး ဆက်ဆက်လာခဲ့မယ်။ ဖေကြီး။ အဲလိုရေး ထားပါတယ်။ အဲဒီစာ မူရင်းကျွန်တော့်ဆီမှာ အခုထိရှိသေးတယ်ဗျ။

သကြန်မပြီးခင် သူ့ကတိအတိုင်း ကျွန်တော့်ကို စက်ဘီးတစ်စီးလာပို့ပေး



သွားပါတယ်။ နိုးလာဆိုတာနဲ့တူတယ်။ ကျွန်တော့်ကို စက်ဘီးလာပို့ပေးပြီး ခဏနေတော့ပြန်သွားတယ်။ သကြံန်ပြီးတော့ ကျွန်တော်တို့မောင်နှမနစ်ယောက် အဖေရှိရာဆီပြန်ကြပါတယ်။ ရန်ကင်းအိမ်မှာ ထုံးစံအတိုင်းပြန်နေကြတာပေါ့။

ရန်ကင်းအိမ်မှာ အဲဒီအချိန်တုန်းက လူသိပ်မကျန်တော့ဘူးဗျ။ ကိုပြည့်ပြည့်လဲ မရှိတော့ဘူး။ ကျွန်တော့်ဦးလေး ကိုမိုးကလဲ အဖွားအိမ်မှာပြန်နေတယ်။ ဦးညီသွင် နှင့်ဦးညီစံ နဲ့ ကျွန်တော်တို့သားအဖတွေပဲကျန်တော့တယ်။ ။

တစ်ရက်ကျတော့ ကျွန်တော်တို့အမေက ကျွန်တော်တို့သားအဖတွေ နေချင်သလိုနေ ဖြစ်ချင်သလိုဖြစ်နေတာကို သိသွားတယ်နဲ့တူတယ်။ ညီမလေးကို လာခေါ်တယ်။ ကျွန်တော့်အဖေက လုံးဝမထည့်ပေးဘူး။ ညီမလေးကလဲ မလိုက်ချင်တော့ ပုဆိုးနောက်မှာပုန်းနေတယ်။ အဲဒါနဲ့ကျွန်တော်တို့အမေလဲ လက်လျှော့ပြီးပြန်သွားပါတယ်။ ညရောက်တော့မှ ကျွန်တော့်အဖေက ဘာစိတ်ကူးပေါက်လဲ မသိဘူး ညီမလေးကို ကျွန်တော်တို့အမေဆီ သွားပို့ပါတယ်။ ပြီးတော့ အမေ့ကို လဲပြောခဲ့တယ် မိန်းကလေးဆိုတော့တဲ့ နင်နဲ့နေတာပိုပြီးသင့်တော်တယ်တဲ့။

အဲဒီအချိန်မှာ မောင့်မျက်ရည်ဝိုင်းအဖြိုး နောက်စီးရီးကို အသံသွင်းနေပါပြီ။ ပရိုဂျူဆာ ကိုကြည်သိန်း သရဖီတေးသံသွင်းနဲ့ အဲဒီစီးရီးကတော့ ကာရန်သစ်ပါ။ Success Band ကတော့ အဲဒီအချိန်မှာ လူအပြောင်းအလဲရှိတယ်ဗျ။

ကာ ရန်သစ်တစ်ခွေလုံးကို ဦးညီသွင် Bass တီးပါတယ်။ Session Player တွေက ဂစ် တာ ဦးဖော်မိုးထွန်းနဲ့ Drum ဦးတွက်ကီ တို့ဖြစ်ပါတယ်။ သီချင်းအဟောင်း တွေကိုပြန်ဆိုတယ်ဆိုပေမယ့် အဲဒီအခွေကို တော်တော်ကြီးမှတ်ထည့်၊ အားထည့် ထားတာပါ။

သီလျက်နဲ့ သီချင်းမှာပဲတောက်ခေါက်သံကို စိတ်တိုင်းမကျလို့ပြန် ဆိုတာမရှိဘူးဆိုအခါ နှစ်ဆယ်လောက်ရှိမယ်ထင်တယ်။ ပြီးတော့ မောင့်မျက် ရည်ဝိုင်းသီချင်း။ အဲဒီသီချင်းကို ဘယ်သူမှ ပြန်မထည့်စေချင်ဘူး။ အကုန်လုံးနဲ့ အတိုက်အခံလုပ်ပြီး မဖြစ်ဖြစ်အောင် ပြန်ထည့်ပါတယ်။ ကျွန်တော့်စိတ်ထင် ကာရန်သစ်မှဒ်ကတောင် original မှဒ်ထက် ပိုကောင်းနေသလိုပဲ။ ပြီးတော့ ကျေနပ်တယ်က အရင်တုန်းက ဦးနိုင်ထူးဆိုဖူးတယ်။ ကျွန်တော့်အဖေ ကိုယ်တိုင်ပဲ ဝင်ပေါ်မှ စူပါများဆိုတဲ့အတွဲအခွေမှာ တစ်ခါဆိုဖူးတယ်။ သူမကျေနပ်လို့နဲ့ တူတယ် ကာရန်သစ်မှာ နောက်တစ်ခေါက် ထပ်ဆိုတယ်။

အဲဒီလို စတူဒီယိုတွေမှာသာ နောက်စီးရီးအတွက်လုပ်နေရတာ၊ အဲဒီ စီးရီးအတွက်ရတဲ့ပိုက်ဆံကတော့ ကြံသုံးနှင့်လို့ ကုန်ပါပြီဗျ။ ကျွန်တော်တို့သား အဖတစ်ခါတစ်လေ ရေသောက်ပိုက်မှောက်နေရတဲ့ နေ့မျိုးတွေလဲရှိတယ်။ ညီမ လေးကတော့ အမေနဲ့ နေနေပြီဆိုတော့ စိတ်ပူစရာမရှိတော့ဘူး။ တစ်ရက်ကျ တော့ ကျွန်တော်တို့အမေက ကျွန်တော်တို့ သားအဖကို လာကြည့်ပြီးအိမ်နား ကထမင်း ဆိုင်ကို မှာသွားပါတယ်။ သူတို့ သားအဖနှစ်ယောက် လာစားတာကို ကျွန်မတစ်လ တစ်ခါလာရှင်းမယ်ဆိုပြီး။ ရေသောက်ရတဲ့ ရက်တွေမရှိတော့ ဘူးပေါ့ဗျာ။

ကျွန်တော်တို့ သားအဖနှစ်ယောက် အဆင်ပြေသလို ရီကောဒင်းမှာ စားတဲ့အခါလဲ စားတယ်။ အိမ်နားမှာ သွားစားတဲ့အခါလဲ စားတယ်။ ပြီးတော့ ကျွန်တော့်မှာ အဲဒီ ခေတ်က game ခွေ၅၀ကျော်ရှိတယ်ဆိုတော့ လာဆော့ ချင်တဲ့လူ တွေရှိတယ်။ အဲဒါနဲ့ ကျွန်တော်က အဲဒီ game စက်ကို ၁၂နာရီ၁ဆက်ရှင် သတ် မှတ်ပြီး ရပ်ကွက်ထဲက ဆော့ချင်တဲ့လူတွေကို ၁ ဆက်ရှင် ၇၅ ကျပ်နဲ့ငှား စားပါတယ်။

ကာရန်သစ်စီးရီးထွက်ခါနီးတော့ ပရိုဂျူဆာက သီချင်းစာရင်းမှာ ထည့်ဖို့

ဆိုပြီး စာလေးတစ်စောင်လောက်ရေးပေးပါဆိုပြီး လာတောင်းတယ်ဗျ။ ကျွန်တော့် အဖေကလဲ ပရိဂျူဆာကိုနည်းနည်း စိတ်ရှုပ်ပေါက်နေတယ်နဲ့တူပါတယ်။ ရေးပေး လိုက်တာ ပေါက်ကရတွေ။ ပရိဂျူဆာက မေးတယ်။ ကိုဗို ဒါတကယ် ထည့်မှာ လားဆိုတော့ တစ်လုံးမှမပြင်နဲ့ ဒီတိုင်းထည့်တဲ့။ အဲဒီစာကို ကျွန်တော်အောက်မှာ ပြန်ရေးပေးလိုက်ပါတယ်။

သစ္စာဖြင့်

*ဤဗီးရိုးဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီပံ့ပိုးခဲ့သော ရှစ်ဇနီး Yoshiotomo သားကြီးဖိုးဒေဝ၊ သမီးကြီးရွှေအိမ်စည်၊ ဦးခတ္တိ၊ ဦးP2, ဦးP3, ဦးP4 နှင့်တကွ အားလုံးသော Krogysyda များအတွက် အမှတ်တရ*

စိုးလွင်လွင်

၁၂.၁၉၃

(ကာရန်သစ်ကာလ)

ဒီစာတွေကို ရေးနေဆဲကာလမှာပဲ ကျွန်တော်ဦးညီသွင်နဲ့ သွားတွေ့ပါ တယ်။ သူ့ဆီက ကျွန်တော့်အဖေနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကြားချင်လို့ပါ။ ကျွန်တော်တို့နှစ်ယောက် အင်းလျားကစိမ်းလန်းစိုပြေထဲမှာ ထိုင်ပြီးစကားပြော ကြပါတယ်။

ဦးညီသွင်နဲ့ သွားတွေ့တော့ ဦးညီသွင်က သူသိတဲ့ ကျွန်တော့်အဖေ အကြောင်းကို ဒီလိုပြောပါတယ်။ မင်းအဖေနဲ့ငါနဲ့ ချစ်လှမိုက်စီးရီးအတွက် ရိုက်ကွင်းဆက်ရှင်တစ်ခုပြီးလို့ ညဘက်ကြီးမေစတူဒီယိုကနေ ပြန်လာတာ ပေါ့ကွာတဲ့။ အဲဒီတုန်းက ရွှေဂုံတိုင်ထိပ်မှာ ညလုံးပေါက်ဖွင့်တဲ့ လက်ဖက်ရည်ဆိုင် အကြီးကြီးတစ်ဆိုင်ရှိတယ်တဲ့။ ပေါက်တဲ့သီချင်းတွေ အများဆုံးဖွင့်တယ်တဲ့ ။ အဲဒါနဲ့ဆို သူတို့လဲချစ်လှမိုက် ချစ်လို့မိုက်ခဲ့တယ်ဆိုပြီးပါလာတော့ ပြန်နား ထောင်ကြည့်ချင်လို့ ဆိုင်ကိုဖွင့်ပေးပါဆိုတော့ ဖွင့်ပေးပါတယ်တဲ့။ အဲဒီအချိန်မှာ ချစ်လှမိုက် ချစ်လို့မိုက်ခဲ့တယ်ဆိုပြီး ဆောင်းဘောက်က အသံထွက်လာတော့ ဝေးဝိုင်းက ပြဿနာရှာပါတယ်တဲ့။ ဘာတွေဖွင့်နေတာလဲ တခါမှမကြားဘူးတဲ့ ဟာတွေဆိုပြီး။ အဲဒါနဲ့သူတို့လဲ အခွေကြမ်းလေးသိမ်းပြီး အိမ်ပြန်ရတာပေါ့ခနော်။ ဟုတ်ကဲ့ မအောင်မြင်သေးခင်က ဘဝပါ။

နောက်လှိုင်တော်မှာ ရှိုးပွဲတစ်ခု ဦးညီသွင်ကို အကူအညီလာတောင်းလို့ စီစဉ်ပေးရပါတယ်တဲ့။ ကျွန်တော့်အဖေနဲ့အတူ အခြားအဆိုတော်တွေလဲ အများကြီးပါတဲ့၊ ပြဿနာကဘာလဲဆိုတော့ လှိုင်ကော်က အဲဒီတုန်းက အညီ ရောင်နယ်မြေဆိုပဲ၊ ပွဲဆိုလို့ နတ်ပွဲတောင်မဖြစ်တာ ကိုးနှစ်လောက်ရှိပြီဆိုတဲ့အချိန်မှာ အဲဒီရှိုးပွဲလုပ်ဖြစ်သွားတာပါ။ အဆိုတော်တွေအကုန်လုံး BM ကားကြီးနဲ့ လှိုင်ကော် ကိုတက်ကြပါတယ်။ ရှိုးဆိုနေတဲ့ အချိန်မှာတောင် လက်နက်ကြီးအသံတွေကြားနေရပါတယ်တဲ့။

အဲဒါနဲ့ ကျွန်တော်အဖေ အလှည့်ရောက်တော့ သူကလဲ ထုံးစံအတိုင်း ဆိုတာပေါ့ ပရိတ်သတ်ကလဲ အရမ်းပျော် တဲ့၊ ဖြစ်ချင်တော့ အဲဒီအချိန်မှာ တိုက်ပွဲကလဲ တဖြေးဖြေးနီးလာပါပြီ၊ နီးလာတော့ လုံခြုံရေးစီစဉ်တဲ့လူက ပွဲရပ်ဖို့လာပြောပါတယ်၊ ပွဲကလည်း တော်တော်အရှိန်ကောင်းနေပြီ၊ ကျွန်တော့်အဖေနဲ့ အောက်ပရိတ်သတ်လဲ တော်တော်အပေးအယူမျှနေပြီ၊ အဲဒီအချိန်မှာ ပွဲကို ရုတ်တရက် ရပ်လိုက်ရမယ်ဆိုတော့ ဦးညီသွင်က ကျွန်တော့်အဖေကို Bass Guitar သမားကနေတဆင့် စာလေးတစ်စောင်ပေးလိုက်ပါတယ်၊ စာထဲမှာ



ရေးထားတာက ကိုဝိုဒီတစ်ပုဒ်ပြီးရင် ရပ်လိုက်တော့ဆိုပြီး။ အဲဒါနဲ့ ကျွန်တော့် အဖေကစာကိုယူပြီးတော့ ဘာပြန်ပြောလဲဆိုတော့ အေးအေးငါဆိုပေးမယ် လို့ပြောလိုက်ဆိုပြီးတော့ စာကိုကြည့်တောင်မကြည့်ပဲနဲ့ သီချင်းဆက်ဆို ပါတော့တယ်။ သူ့ကို သီချင်းတောင်းတယ်ထင်တာကိုး။ အဲဒါနဲ့ နောက်လေးငါးပုဒ်လောက်လဲဆိုပြီးသွားရော လုံခြုံရေးစီစဉ်တဲ့ ဗိုလ်ကြီးက ဆွဲချမယ်လုပ်တော့မှ ဦးညီသွင်ကိုယ်တိုင် တက်ခေါ်ရပါတော့တယ်။

နောက်နေ့မနက်ရောက်တော့ အဆိုတော်တွေ အကုန်လုံးလဲ ထုပ်ပိုး သိမ်းဆည်းပြီး ပြန်ဖို့လုပ်နေပါပြီ။ ပြန်ဖို့ BM ကားကြီးကလဲ stand by မနက် ကျွန် တော့်အဖေကိုပြန်ဖို့ ဦးညီသွင်သွားနိူးပြီးပြောတော့၊ မင်းပြန်နှင့် ငါဒီမှာ ပျော်လို့ ဆက်နေလိုက်ဦးမယ်လို့ ပြန်ပြောတယ်တဲ့။ နောက်တော့မှရန်ကုန် ကိုလေယာဉ်နဲ့ ပြန်ရောက်လာတယ်ဆိုပဲ။ ဦးညီသွင် ပြောပြတဲ့သူနဲ့ ကျွန်တော့် အဖေရဲ့မှတ်မှတ်ရရ အကြောင်းလေးတွေပါ။

နောက်သူထပ်ပြောပြတာက မင်းအဖေက မြို့တစ်မြို့ကို ရှိုးဆိုဖို့ ရောက်ပြီ ဆိုရင် ရောက်တာနဲ့ အိပ်ချပြီးဆိုက္ကားတစ်စီးနဲ့ လျှောက်သွားနေရော တဲ့၊ သူ့ကိုပရိတ်သတ်ချစ်တာလဲမပြောနဲ့တဲ့ သူက ပရိတ်သတ်ကြားထဲမှာ နေတာ ကိုးတဲ့။

ရန်ကင်းကအကြောင်းကိုပြန်ဆက်ရရင်တော့ ရန်ကင်းအိမ်မှာ နေလာ ရင်းနဲ့ တစ်ရက်ကျတော့ ကျွန်တော်အကြီးအကျယ် ဖျားပါတယ်။ အဲဒီတုန်းက အိမ် မှာကျွန်တော်နဲ့ကျွန်တော့်သူငယ်ချင်း ၁ယောက်ပဲရှိတယ်။ ကျွန်တော့်အဖေ ကလဲ တွေ့ဒီယို အသံသွင်းသွားနေတာလား မသိဘူး။ ကျန်တဲ့လူတွေလဲ ဘယ်သွားနေ ကြလဲ မသိဘူး။

ကျွန်တော့်အမေက ကျွန်တော့်ကိုလာကြည့်ရင်းနဲ့ ဖျားနေတာကိုမြင် တော့ ကျွန်တော်ကိုသူနဲ့အတူ တစ်ခါတည်း ခေါ်သွားပါတော့တယ်။

ကျွန်တော့်အမေက ခေါ်သွားတာကို ကျွန်တော့်အဖေညဘက် တွေ့ဒီယို ကပြန်ရောက်လာမှသိရပါတယ်။ သိသိချင်း သူလဲဘယ်နေလိမ့်မလဲ၊ ကျွန်တော်တို့ရောက်နေတဲ့ မြို့ထဲကအိမ်ကိုချက်ချင်း လိုက်လာပါတော့တယ်၊ လိုက်လာပြီးတော့ ကျွန်တော့်ကို သူနဲ့ပြန်ထည့်ပေးဖို့ ကျွန်တော့်အမေကို

ပြောပါတယ်။ အချိန်ကတော့ ညကိုးနာရီလောက်ကြီး ရှိပြီထင်တယ်။ ကျွန်တော့် အမေကလဲ ကလေးများနေတယ်တဲ့။ နင့်အိမ်ရောက်ရင် ဘယ်သူကြည့် မှာလဲ ဆိုပြီး လုံးဝမထည့်ပေးပါဘူး။ ကျွန်တော်ကတော့ အိပ်ရာပေါ်မှာ အရှားတက်ပြီး အိပ်ပျော်နေပြီ။ အဲဒါနဲ့နောက်ဆုံးကျတော့ ကျွန်တော့်အဖေ လက်လျှော့ပြီး အိမ်ပြန်သွားပါတော့တယ်။

တစ်ရက်၊ နှစ်ရက်လောက်နေတော့ ကျွန်တော်အရှားနည်းနည်းကျ တဲ့အ ချိန်မှာ ကျွန်တော့်အမေဘက်ကအဖွားက ကလေးတွေကို ဒီတိုင်းထားရင် ပျက်စီးလိမ့်မယ်ဆိုပြီး သူနဲ့အတူ ကျွန်တော်တို့မောင်နှမနှစ်ယောက်ကို သူ့အ လုပ်ရှိရာ မျော်ဘွယ်ကိုခေါ်သွားပါတော့တယ်။ အဖွားက အဲဒီတုန်းက မျော်ဘွယ် မှာ Cambridge Universit က Dr.Stevenson နဲ့ လှုဝင်စားသူတွေသနလားမ သိဘူး လုပ်နေတာ။ ကျွန်တော်တို့မောင်နှမနှစ်ယောက်နယ်မှာ ကျောင်းစတက်ရ တယ်။ နယ်ကျောင်းက ကလေးတွေက နည်းနည်းရိုင်းတယ်ဗျ။ ကျောင်း သားသစ်ဆိုတော့ အနိုင်ကျင့်ချင်တယ်။

ကျွန်တော်တို့ မောင်နှမနှစ်ယောက် ကျောင်းစတက်ပြီး နှစ်ပတ်အကြာ မှာပဲ ကျွန်တော်တို့အဖွားဆုံးပါတယ်။Asthma နဲ့ အမောဖောက်ပြီး နှလုံးရောဂါနဲ့ ဆုံးတာပါ။ အဲဒါနဲ့ အဖွားရက်လည်ပြီး တစ်ပတ်လောက်နေတော့ ကျွန်တော်တို့ နှစ်ယောက်လဲ ယောင်လည်လည်နဲ့ ရန်ကုန်ပြန်ရောက်လာတာပေါ့ဗျာ။ ဒီတစ်ခါ တော့ အမေ့အိမ်မှာနေကြတယ်။ ကျွန်တော့်ရန်ကင်းအိမ်က မွေးထားတဲ့ တိရစ္ဆာန် တွေကိုတော့ လွှတ်တဲ့အကောင်လွှတ်၊ ပေးတဲ့အကောင်ပေးပစ်လိုက်တယ်။ ငါးကန်တွေလဲ အဲဒီအတိုင်းပဲ သူများပေးပစ်ခဲ့တယ်။

အမေ့အိမ်မှာနေတော့ ကျောင်းတက်၊ စာကျက်တော့မှန်ပြီပေါ့ဗျာ။ ကျွန်တော်တို့အဖေကတော့ ကျွန်တော်တို့ကို အမြဲတမ်း လာတွေ့တယ်။ လာတွေ့ ရင် တစ်ခါတစ်လေ သူတစ်ယောက်ထဲလာတယ်။ တခါတလေ ဦးညီသွင်တို့ပါတဲ့ အခါလဲပါတယ်။ တစ်ရက်ကျတော့ ကျွန်တော်တို့တခါမှမမြင်ဘူးတဲ့ လူတစ် ယောက်ပါလာတယ်။ အသားညိုညို၊ ဝိန်ဝိန်နဲ့ ဦးဖိုးချိုတဲ့ ကျွန်တော့်အဖေ မိတ်ဆက်ပေးလို့ သိရပါတယ်။ သူက အိမ်နဲ့အဆင်မပြေဖြစ်လို့ အိမ်ပေါ်ကဆင်း လာတာတဲ့။ အဲဒီအချိန်မှာသူက အကောင်းဆုံး တေးများနဲ့ ပြန်အောင်မြင်နေတဲ့

အချိန်လာမှ မသိဘူး။ ချစ်သူကို သိချင်းကိုတော့ မှတ်မိတယ်။ သူနဲ့ကျွန်တော်နဲ့က တော့ ခဏလေးအတွင်းမှာပဲ အဖွဲ့ကျသွားပါတယ်။

သူလဲ ကလေးအရမ်းချစ် တတ်တယ်ဗျ။ ကျွန်တော်တို့မြို့ထဲမှာ လမ်း လျှောက်ပြီဆိုရင် သူကညီမလေးကို အမြဲတမ်းချီပြီး လျှောက်တယ်။ ကျောင်းပိတ် လို့ကျွန်တော်တို့ ရန်ကင်းအိမ်သွားတယ်ဆိုရင် ကျွန်တော့်အဖေက အိမ်မှာမရှိ တော့ဘူး။ ရန်ကင်းတစ်ခုလုံးပတ်ပြီး သူနဲ့ကျွန်တော်နဲ့ လိုက်ရှာကြတယ်။ ကျောင်း ပိတ်ရက် တစ်ရက်မှာတော့ ရန်ကင်းအိမ်ကိုတော့ ဦးဖိုးချိုကို လက်မှာပတ်တီး ကြီးနဲ့တွေ့ရပါတယ်။ ဘာဖြစ် တာလဲ မေးကြည့်တော့ ငါနဲ့မင်းအဖေနဲ့ ညဘက်ကြီး ပြန်လာတာတဲ့ ပြန်လာတော့ မှောင်တဲ့သစ်ရိပ်တစ်ခုနားလဲရောက်ရော၊ လူတစ် ယောက်က အနောက်ကနေပြေးလိုက်လာပြီး မင်းလားကွ၊ စိုးစိုးလွင်ဆိုပြီးဓားနဲ့ ဝင်ခုတ်တော့ သူကကြားကနေ လက်နဲ့ဝင်ခံလိုက်တော့ ထိသွားတာတဲ့။ ဟုတ်၊ မဟုတ်တော့ မသိဘူးဗျ။ သူက လေနည်းနည်းများတယ်။ အတည်ပေါက် ကြီးနဲ့ ပြောတာလဲဖြစ် ချင်ဖြစ်မှာပါ။

ဘာပဲ ပြောပြော သူကတော့ တော်တော်ခင်ဖို့ကောင်း ပါတယ်။ မင်းအ ဖေစီးရီး စလုပ်တော့ အင်းလျားလမ်းထဲမှာ ကျောင်းထဲမှာ ညလုံးပေါက် ကြော်ငြာတွေ ငါလိုက်ကပ်ပေးရတာတဲ့၊ သူက အဲလိုပြောပါတယ်။ အဲဒီတုန်းက ကိုဂုက်နဲ့ ဦးအောင်ရင်နဲ့တစ်ယောက်တစ်ခြမ်း။ အကြောင်းနာအိမ်မက် လား မသိဘူး။ ထွက်ထား တယ်။ ဦးဖိုးချိုက ပြောတယ် ငါနဲ့ မင်းအဖေနဲ့လဲ အဲဒီလိုမျိုးလေး လုပ်ချင်တယ်ကွာ တဲ့။ ပရိုဂျူဆာရှာလိုက်ဦးမယ်တဲ့။ ဆုံးသာသွား တယ် ပရိုဂျူဆာ ရှာမတွေ့သွားဘူး ထင်ပါရဲ့။

အဖေနဲ့ကျွန်တော်တို့ကလဲ ထုံးစံအတိုင်းပါပဲ။ သူ ကျွန်တော်တို့ကို လာ ခေါ်တယ်။ မြို့ထဲက တေးသံသွင်းဆိုင်မှာ ဗိုက်ဆံသွားထုတ်တယ်။ ဗိုက်ဆံရ လာရင် ကျွတ်ကျွတ်အိတ်ဆွဲပြီး၊ ဝယ်ချင်တာဝယ်၊ စားချင်တာစား၊ သွားချင်ရာသွား ကြတယ်။ အချိန်တန်ရင်တော့ အမေ့အိမ်ပြန်ရတာပေါ့။ အဲဒီအချိန်တုန်းကတော့ မြို့ထဲက ညီညီတေးသံသွင်းမှာ သွားသွားထုတ်လေ့ရှိတယ်။

ပရိုဂျူဆာ ကိုကြည် သိန်းနဲ့တူတယ်၊ သူကလဲ ငြီးငြီးငြငြနဲ့ပဲ ထုတ်ပေးပါ တယ်။ ပရိုဂျူဆာထဲမှာ မငြီးတာဆိုလို့ မန္တလေးဦးနေဝင်းတစ်ယောက်ပဲတွေ့ဘူး

တယ်။ သူကတော့ ကျွန်တော့်အဖေရဲ့အနွံအတာကို အခံရဆုံးပါပဲ။ တခြား ပရိုဂျူဆာတွေလဲ ခံတော့ ခံရပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲ သူက ပိုခံရသလိုပဲ။ ကျွန်တော့် အဖေကို မန္တလေးဦးနေဝင်းက နယ်ရှိုး ခေါ်သွားတယ်။ ကျွန်တော့်အဖေကလဲ အဝတ်တစ် ထည်၊ ကိုယ်တစ်ခုနဲ့လိုက်သွားပြီးတော့မှ စင်ပေါ်တက်ခါနီး ပုဆိုးပေါင်း နေလို့ မန္တလေးဦး နေဝင်း ပုဆိုးနဲ့စင်အောက်မှာ ချက်ချင်းလဲပေးလိုက်ရတယ်ဆိုပြီး ဦးနေဝင်း တစ် ခါပြောဘူးတယ်။ မင်းအဖေ တော်တော်ဆိုးတယ်ကွဲ၊ ဦးနေဝင်းက အဲဒီလိုပြောတယ်။

တစ်ရက်မှာတော့ ကျွန်တော်တို့နေနေတဲ့ ကန်တော်ကလေးအိမ်ကို ကျွန်တော့်အဖေမနက်အစော ၄ နာရီလောက်ကြီး ရောက်ချလာပါတယ်။ ကျွန်တော်ကတော့ မနိုးသေးဘူး။ အိပ်နေတုန်း။ အိမ်ဖော်က တံခါးဖွင့်ပေးတော့ သူလဲအထဲဝင်လာပြီး ထိုင်နေတယ်။ ထုံးစံအတိုင်း သံစဉ်၊ တသားရှာဖို့ တစ်ယောက်ထဲလမ်းလျှောက်ရင်းနဲ့ ရောက်လာတာနဲ့တူတယ်။ ပြီးတော့ ညီမလေးကိုနိုးပြီး အကျီတွေ အထပ်ထပ်ဝတ်ပေးနေတော့ ကျွန်တော့်အဖိုးက နိုးလာပြီးဟေ့ မောင်စိုးလွင်လွင်၊ ကလေးကို ဘယ်ခေါ်သွားမလို့လဲဆိုတော့ သူက ပြန်ပြောတယ်။ ကျွန်တော့်သမီး ကျွန်တော်ပြန်ခေါ်သွားတော့မလို့ ဆိုတော့မှ အဖိုးလဲ မျက်လုံးပြူးပြီး အမေ့ကိုအိပ်ရာက နိုးရပါတော့တယ်။ အမေအိပ်ရာ ကနိုးလာပြီး ဖျောင်းဖျပြောဆိုတော့မှ သူလဲဘယ်သူကိုမှ မခေါ်တော့ပဲ ကျွန်တော် တို့ကို မနက်စာလိုက် ကျွေးပြီး အိမ်ပြန်သွားပါတော့တယ်။

ကျွန်တော်တို့ ကန်တော်ကလေးအိမ်ရောက်တဲ့ အချိန်ကစလို့ တေ့ဒီ ယိုသွားရင်မလိုက်ရတော့ပါဘူး။ ဒါပေမယ့် တစ်ချို့သီချင်းတွေက ကျွန်တော် ရန်ကင်း အိမ်မှာနေထဲက ကြားဖူးပြီးသားချ။ ဥပမာ – ချစ်တဲ့ငြိမ်းထဲက ဂန္ဓဝင် ဆည်းဆာဆိုရင် ကြားဖူးနေတာကြာလှပြီ။ ပိုစီးရီးထဲ ထည့်ရမလို၊ ဒီစီးရီးထဲ ထည့်ရမလိုနဲ့နောက်ဆုံး ချစ်တဲ့ငြိမ်းထဲရောက်လာတာ။ ကျွန်တော်အမှတ် မှားဘူး ဆိုရင် ၈၉/၉၀ လောက်ထဲကကြားဖူးတာ။ အဲဒီသီချင်းက ကျွန်တော်တို့ဘေး အိမ်မှာအရင်တုန်းက ဆံပင်အရှည်ကြီးနဲ့ အစ်မကြီးတယောက်ရှိတယ်။ သူ့ကို ဦးညီစံကြွေပြီးရေးတာလို့ ပြောတာပဲ။ ဟုတ်မဟုတ်တော့မသိဘူး။ အဲဒီစီးရီး ထွက်ခါနီး စီးရီး Title မပေးရသေးဘူးဆိုတော့ ကျွန်တော်တောင် အကြံပေး

လိုက်သေးတယ်။ ဖေကြီး ဂန္ထဝင်ဆည်းဆာလို့ပေးလိုက်လို့ ကလေးအဖေတွေနဲ့ ။ ဟုတ်တယ်လေ ကျွန်တော်ကြိုက်တာကို။

နောက်ပိုင်းကာလများမှာတော့ ကျွန်တော်ကလဲ ကျောင်းမှန်မှန်တက် တကျက်နေရတာနဲ့အဖေနဲ့ သိပ်မတွေ့ဖြစ်တော့ပါဘူး။ သူက တစ်ခါတစ်လေလာ တဲ့အခါမျိုးဆိုရင် ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်သွားထိုင်ကြတယ်။ တစ်ရက် သူနဲ့ကျွန်တော်လက်ဖက်ရည်ဆိုင်သွားဖို့ အိမ်ကထွက်လာကြတယ်။ ကားလမ်းလဲကူးရော၊ လိုင်းကားလာတဲ့အချိန်မှာ ရှေ့တိုးရမလို၊ နောက်ဆုတ် ရမလို ဖြစ်နေတုန်း လိုင်းကားက ကျွန်တော်တို့ဆီကို တည့်တည့်ကြီး ဝင်တိုးပါ လေရော။ လူတွေရဲ့အော်သံတော့ ကြားလိုက်ရတယ်။ ကျွန်တော်လဲ လွင့်ထွက် သွားတယ်။ ဘာဖြစ်မှန်းမသိတော့ဘူး။ ကားကတော့ ဘရိတ်ဆွဲပြီးရပ်သွားပြီ။ ကျွန်တော်လည်း လဲနေရာကနေထကြည့်တော့ ကျွန်တော့်အဖေက ကားရှေ့မှာ ထိုင်ရက်ကလေး။ အဲဒါနဲ့ ကျွန်တော်လူးလဲထပြီး အဖေ့ဆီပြေးသွားတာပေါ့။

ကံကောင်းလို့ပျာ၊ သူလဲဘာမှမဖြစ်ဘူး။ သူ့မျက်နှာကတော့ ပြုံးနေ တယ်။ သူ့ခြေထောက်တစ်ဖက်ကတော့ ပေါင်ရင်းကနေစပြီး စုတ်ပြတ်သတ်နေ တာပဲ။ ဘေးနားက လူတွေပြန်ပြောပြတော့ လိုင်းကားရှေ့ရောက်ပြီး အတိုက်အခံ ရတော့မယ့် ကျွန်တော့်ကို သူတွန်းထုတ်လိုက်တာတဲ့။ အဲဒါနဲ့ ကျွန်တော်တို့နှစ် ယောက်ဘယ်ကိုမှဆက်မသွားဖြစ်တော့ဘဲ အိမ်ပဲပြန်လာကြပါတယ်။

ကျွန်တော့်အတွက်တော့ သူဟာ မွေးကျေးဇူး၊ ကျွေးကျေးဇူးထက်ပိုတဲ့ အဖေပါပဲ။ တစ်ရက်ကျတော့ အောင်ဆန်းကွင်းထဲမှာ ဂီတ်ပြိုင်ပွဲအကြီးကြီးတစ်ခု လုပ်ပါတယ်။ ကျွန်တော်မှတ်မိသလောက်တော့ အဲဒီအချိန်မှာ ကိုစိုးသူရဲ့ကြည် ဖြူပါ အရမ်းကိုပေါက်နေတဲ့အချိန်။ ရှိသမျှ တီးဝိုင်းတွေလဲ အကုန်လာကြတယ်။ ကျွန်တော့်အဖေက The Wild Ones နဲ့ဆိုတယ်။ မာနမျက်နှာဆိုဖို့ intro တီးတော့ သူမှဒ်မဝင်လို့လားမသိဘူး။ မဆိုပဲရပ်နေတာ အကြာကြီး။ သူမဆိုတော့ နောက်က တီးတဲ့လူတွေကလဲ intro ကိုပဲပတ်ပြီး ထပ်ခါထပ်ခါတီးနေရတာပေါ့။ နောက်ဆုံးအရမ်းကြာလာတော့မှ ဦးဗိုလ်ထီးအနောက်ကနေ သူ့ကိုသွားသတိ ပေးရတယ်။ အဲဒီတော့မှ သူစဆိုတယ်။

တစ်ခုသောမနက်အစောကြီးမှာ ကျွန်တော်တို့အိမ်ကို ရဲတစ်ယောက်

ရောက်လာပြီး လာမေးပါတယ်။ ဒီအိမ်မှာ ကိုစိုးလွင်လွင်ရဲ့ အမျိုးတွေရှိလားဆိုပြီး။ ကျွန်တော့်အမေကလဲ ရှိပါတယ်ပေါ့။ ဘာဖြစ်လို့လဲ မသိဘူးဆိုတော့ ကျွန်တော့်အမေ အချုပ်ခန်းထဲမှာ ရောက်နေတယ်ဗျ။ ဖြစ်ပုံက ဒီလို၊ သူက ညဘက် ဆိုတစ်ယောက်ထဲ လမ်းလျှောက်ထွက်တော့ ရဲတွေကသူ့ကို မသင်္ကာမှုနဲ့ဖမ်းတယ်။ ဖမ်းတော့ ထုံးစံအတိုင်းပေါ့ဗျာ။ ဝရမ်းသုန်းကားတွေ ဖြစ်ကြတာပေါ့။ ဖြစ်တော့ သူလဲရှေ့သွား နှစ်ချောင်းလောက် ကျွတ်သွားတယ်။ ပြီးတော့ အဲဒီအချိန်မှာ သူက ဆံပင်အရှည်ကြီး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့။ သူကလဲ အချုပ်ခန်းထဲ ရောက် တဲ့အထိစကားတစ်လုံးမှ မပြောဘူးတဲ့ဗျ။

အဲဒါနဲ့အချုပ်ထဲမှာ တရက်၊ နှစ်ရက်လောက်ကြာတော့ စခန်းမှူးက ဒီလူပေါ့။ သနားစရာကောင်းလိုက်တာ သူ့ကို ဘယ်သူမှလဲ ထမင်းလာပို့မယ့်လူ မရှိဘူးဆိုပြီး သေချာကြည့်တော့မှ စိုးလွင် လွင်နဲ့တူလိုက်တာပေါ့။ ခင်ဗျားစိုးလွင် လွင်လားလို့ စခန်းမှူးကမေးလိုက်တော့မှ သူက ခေါင်းငြိမ့်ပြတာတဲ့။ အဲဒါနဲ့ ကျွန်တော်တို့လဲ သူ့ကိုအချုပ်ထဲက လိုက်ထုတ်ရပါတယ်။

အမှန်အတိုင်းပြောရရင်တော့ အဲဒီအချိန်မှာ ကျွန်တော့်အမေကအအိမ်၊ အစားပျက်တဲ့ဒါဏ်တွေ၊ ပေပေတေတေနေတဲ့ဒါဏ်တွေကြောင့် စိတ်အခြေအနေ က ပုံမှန်လို့မဟုတ်တော့ပါဘူး။ ကျွန်တော်တို့ကိုတော့ မှတ်မိနေတုန်းပဲ။ အဲဒါနဲ့ သူ့ကိုအချုပ်ကထုတ်ပြီးတာနဲ့ စိတ်ရောဂါဆေးရုံတင်လိုက်ရပါတယ်။ ဆရာဝန်ကြီး ဦးသိန်းငွေဖေက ကြပ်ကြပ်မတ်မတ် ကုပေးလို့ တစ်လနဲ့ လူကောင်းဖြစ်ပြီး ဆေးရုံ ကပြန်ဆင်းလာရပါတယ်။ ကျွန်တော်တို့မောင်နှမ နှစ်ယောက်၊ အဖေ့ အတွက်ရည် ရွယ်ပြီး အလှူလုပ်ရင် တခါတလေအဲဒီမှာသွား လုပ်တာ အဲဒါကြောင့် ပါပဲ။ ညီမလေး က အဲဒီမှာ လူနာတွေကို အလှူလုပ်ရင်းနဲ့ သီချင်းတွေလဲ ဆိုပြပါတယ်။ ညီမလေးက သီချင်းဆိုတာ ဝါသနာပါပါတယ်။ သူ့အလုပ်လုပ်ရတော့လဲ သီချင်း တွေကြားထဲမှာ ပါပဲ။ အခုတော့ Cherry FM မှာ Program အနေနောင်ဇာလုပ်နေ တယ်။

တခါတလေကျတော့လဲ လောကကြီးက ကျဉ်းကျဉ်းလေးပါ။ ညီမလေး လသာ(၂)မှာကျောင်းစတက်ရတော့ ကျောင်းအုပ်ဆရာမကြီးက စိုးလွင်လွင်ဆို တာ နံရံကျောင်းမှာ သူ့တပည့်ဖြစ်ခဲ့ဘူးတယ်တယ်။ ညီမလေးကတော့ သူ့အခု

ကျောင်းအုပ်လုပ်နေတဲ့ ကျောင်းမှာကျောင်းသူပေါ့။ အဲဒါနဲ့ ကျွန်တော့်အဖေ





ကျောင်းမှာ။

လသာ(၂)ကျောင်းနှစ်ပတ်လည်ပွဲတိုင်း သီချင်းလာဆိုပေးပါတယ်။ ဒိုးယိမ်းည သီချင်းနဲ့တောင် ညီမလေးက ကပြီးသူကဆိုလိုက်သေးတယ်။

နောက်ပိုင်းနှစ်တွေမှာတော့ အဖေနဲ့ ကျွန်တော်သိပ်မတွေ့ဖြစ်တော့ပါဘူး။ သူ့သတင်းတွေတော့ ကြားနေရတယ်။ နောက်တွဲတစ်ယောက်ရသွားပြီဆိုတဲ့အကြောင်း။ သူ့သီချင်းသံတွေတော့ ကြားနေရတယ်။ တစ်ရက်သူနဲ့တွေ့ချင်လို့

တွေဒီလိုကိုလိုက်သွားတယ်။ မသွားခင်အမေနဲ့ရန်ဖြစ်ရသေးတယ်။ အမေက လိုက်မပို့ချင်ဘူး။ ကျွန်တော်ကလဲ အရမ်းအတိုက်အခံလုပ်နေတော့ အမေက နောက်ဆုံးနင်တစ်ကယ်သွားမှာလားဆိုပြီး ကားပေါ်ဆွဲတင်သွားတယ်။ တွေ့တော့ သားအဖနှစ်ယောက်စလုံး စကားမပြောနိုင်ဘူး။ မျက်ရည်ဝဲပြီးတစ်ယောက်ကို တစ်ယောက်ကြည့်နေကြတယ်။ စကားတစ်ခွန်း၊ နှစ်ခွန်းပြောပြီး ကျွန်တော်လဲပြန် လာခဲ့ပါတယ်။

၁၉၉၉ မှာ ကျွန်တော် စီးရီးတစ်ခွေလုပ်ဖို့ သီချင်းတွေစုပါတယ်၊ မောင်မောင်ဇော်လတ်၊ အယ်ဖြူတို့နဲ့ မလုပ်ဖြစ်ဘူး။ အဲဒီ အချိန်က ကျွန်တော် ဆယ်တန်းအောင်ပြီးကာစ အမေနဲ့နေနေတယ်။ လုပ်မယ်ဆိုတော့ အမေကလဲ လုပ်ပေးပါတယ်။ အမေကတော့ အပြင်စီးပွားရေးပဲ လုပ်တယ်၊ သီချင်းတော် တော်များများရပြီးမှ ဆက်မလုပ်ဖြစ်ဘူးဗျာ။ ကျောင်းတက်ဖို့ကိစ္စ ပေါ်လာလို့ ဘန်ကောက်မှာ ကျောင်းတက်ဖို့လုပ်တယ်။ မသွားခင်မှာ ကျွန်တော်အဖေ့ကိုသွား ကန်တော့ပါတယ်။ သူ့ကို လက်ဖက်ရည်ဆိုင်မှာတွေ့ပါတယ်။ လက် ဖက်ရည်ဆိုင် မှာပဲ ကျွန်တော် မြေကြီးပေါ်မှာထိုင်ပြီး ကန်တော့ခဲ့ပါတယ်၊ အဲဒီ တစ်ခေါက် တွေ့ရခြင်းဟာ နောက်ဆုံးဖြစ်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ကန်တော့လို့ပြီးတော့ အဖေက ဘာဆုမှမပေးဘူး။ မင်းသွားတော့မှာပေါ့တဲ့။ အဲဒီလို တစ်ခွန်းပဲ ပြော တယ်။ ဆုလဲပေးဖို့မလိုတော့ဘူးထင်ပါတယ်။ ဘဝမှာ သူတတ်နိုင်တာ ကျွန်တော် တို့ကို အကုန်ပေးပြီးပြီပဲ။

ဘန်ကောက်ရောက်ပြီးနှစ်ပတ်အကြာ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် နေ့မှာ ကျွန်တော့်အဖေဆုံးပါတယ်။ ဆုံးတော့ အသက် ၃၇ နှစ်ပဲရှိသေး တယ်။ ရန်ကုန်က ဖုန်းလာတော့ ကျွန်တော်ယုံတောင် မယုံပါဘူး။ ဟုတ်တယ်လေ။ လွန်ခဲ့ တဲ့ နှစ်ပတ်ကပဲ ကျွန်တော်နဲ့တွေ့တုန်းကအကောင်းကြီး၊ အခုဆုံးပြီဆိုတော့။ မင်းအဘိုးကြီး ဆုံးပြီတဲ့။ အဲဒီလိုလာပြောတော့ ကျွန်တော့်စိတ်ထဲမှာ အဘိုးဆုံး တယ်ထင်လို့ စိတ်ထဲမှာကျွန်တော့အဖေလို့လုံးဝမထင်ထားဘူး။ အဲဒီနေ့ ညတွင်း ချင်းပဲ ရန်ကုန်ပြန်ဖို့လုပ်ရပါတယ်။

ရန်ကုန် ပြန်ရောက်ပြီးနောက်နေ့ရောက်တော့ ရေဝေးမှာ ကျွန်တော့် အဖေကို တွေ့ရတယ်။ အိပ်နေသလိုပဲ၊ ထပြီး သားလို့ကျွန်တော့်ကိုခေါ်မလား

မျှော်လင့်နေမိတယ်။ ကျွန်တော် မငိုမိဘူး။ ရင်ထဲမှာတော့ ပြည့်ကြပ်နေတယ်။ Heart attack နဲ့ဆုံးတာတဲ့။ အော် ကျွန်တော့်အဖေရဲ့အဖေ၊ အဖိုးလဲ ဒီလိုပဲရုတ်တရက်ဆုံးသွားတာပဲ လို့ ခေါင်းထဲမှာ သတိတော့ရမိတယ်။ ကျွန်တော့်ဦးလေးကိုမိုးလဲ ဆုံးသွားခဲ့ပြီ အဖေမဆုံးခင် ၆ လလောက်တုန်းက။

ကျွန်တော့်အဖေဟာ တကယ်တော့ ကျွန်တော်တို့အတွက်မိုးကောင်းကင်ကိုဖွင့်ပေးခဲ့သူတယောက်ပါပဲ။ ဘယ်နေရာကိုသွားသွား သူ့နာမည်ကြားရင်လူတွေကကူညီချင်ပြီးသားပဲ။ ကျောင်းမှာဆိုလဲ ကျောင်းမှာအလျောက် ဘယ်ကိုပဲသွားသွား ဘာကိုပဲလုပ်လုပ် ကျွန်တော် ဒုတိယအကြိမ် passport လျှောက်တော့ လူတန်းကြီးရဲ့နောက်မှာ တန်းစီနေရတုန်း passport လျှောက်လွှာစစ်တဲ့လူက ကျွန်တော့်အဖေနာမည်ကို ကြည့်ပြီး မင်းအဖေကအဆိုတော် စိုးလွင်လွင်လားဆိုတော့ ဟုတ်ပါ့မေ့။ အဲဒီအခါကျတော့ လူတန်းကြီးရဲ့နောက်မှာမဟုတ်တော့ပဲ VIP အခန်းထဲ ရောက်သွားတယ်။

ကျွန်တော့်အဖေဆုံးတော့ သူရေးခဲ့တဲ့ မူပိုင်သံစဉ်နဲ့ကော်ပီသီချင်းအပုဒ်ပေါင်း ၄၀၀ ကျော်ကျန်ခဲ့ပါတယ်။ ကော်ပီလဲ သူ့ကို ရေးနိုင်းတဲ့လူရှိလို့ရေးပေးခဲ့ပါတယ်။ ဥပမာ - အသည်းစားဘုရင်မဆိုရင် ကော်ပီပါပဲ။ ဟိုတလောတုန်းက အန်တီငယ် (မေခလာ) နဲ့ မြမြကျော်သိန်းတို့ ဆိုထားပါတယ်။ သူကိုယ်တိုင်တော့ ကော်ပီတစ်ခါမှမဆိုဘူးနဲ့တူတယ်။ ကျွန်တော် သိသလောက် ကတော့ သူဆိုတဲ့ သီချင်းတွေအကုန်လုံးကိုယ်ပိုင်သံစဉ်တွေချည်းပါပဲ။ ဝတ္ထုတို/ဝတ္ထုရှည်နဲ့ ကဗျာ တွေလဲရေးခဲ့ပါတယ်။ ကဗျာစာအုပ်တစ်အုပ်တောင် ထုတ်ခဲ့ပါသေးတယ်။ ရန်ကင်း က ကဗျာဆရာတစ်ယောက်နဲ့။

အခုတော့ ကျွန်တော်တို့မောင်နှမနှစ်ယောက် အမေဒေါ်မြမြခင်းနဲ့ အတူ နေထိုင်ပါတယ်။ အဖေ့ရဲ့အနုပညာအမွေကို ကျွန်တော်တို့ဆက်ခံခွင့်ရခဲ့ပါတယ်။ အဖေ့အနုပညာအမွေကို ဆက်ခံခွင့်ရဖို့ တရားရုံးမှာရင်ဆိုင်ရတော့ အမေပဲကျွန်တော်တို့ကို လုပ်ပေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်က ကျောင်းတက်နေတော့ ရန်ကုန်ကို ခြောက်လလောက်နေမှ တစ်ခါပြန်လာနိုင်တယ်။ ညီမလေးကလဲ ကလေးပဲရှိသေးတယ်။ ဆိုတော့ အမေပဲ အစအဆုံးလုပ်ပေးသွားတာပါ။ အဲဒီတုန်းက ဦးဝင်းငြိမ်းတို့လဲ ကူညီပါတယ်။

ကျွန်တော့်အဖေဟာဘဝမှာ အနုပညာသမားတယောက်ပီသစွာ နေထိုင်သွားခဲ့တယ်လို့ ကျွန်တော်တော့ ယုံကြည်ပါတယ်။ အနုပညာမာန်မာနလဲ အလွန်ကြီးခဲ့ပါတယ်။ သူ့အနုပညာနဲ့ပါတ်သက်လာရင် ဆတ်ဆတ်ထိမခံပါဘူး။ သိတဲ့လူတွေလဲ သိပြီးသားဖြစ်လို့ ထပ်မပြောတော့ပါဘူး။ သူဟာ တကယ်ပဲ သူ့အတွက်ရော ကျွန်တော်တို့အတွက်ပါ မိုးကောင်းကင်ကိုဖွင့်ပေးသွားခဲ့တယ်လို့ ပြောရင်း ဒီစာကို အဆုံးသတ်ပါတယ်။

ငဇ၀

△△△

## ◉ အကြောင်း၏အကျိုး

စိုးလွင်လွင်

ရုတ်ခြည်းပင် သူလန့်နိုးလာ၏။ နံနက်ခင်း၏ နေရောင်ခြည်သည် သူ၏တစ်ကိုယ်လုံးကို ဖြန့်ကျက်လျက်ရှိသည်။ နေရောင်ကြောင့် ကျိန်းစပ်သွားသော မျက်လုံးအစုံကို ပြန်မှိတ်လိုက်သည်။ မျက်လုံးများ မှိတ်လိုက်စဉ် စက္ကန့်ပိုင်းအတွင်း သူ၏ခန္ဓာကိုယ်ထဲမှ ပူလောင်ပြင်းပြသော ဆန္ဒဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ ဆာလောင် မွတ်သိပ်ခြင်း၊ အစာအိမ်ထဲတွင် မီးလောင်နေသကဲ့သို့ ပူလောင်နေလေပြီ။ အသိစိတ်အာရုံများလည်း အလုပ်မလုပ်ချင်တော့။ သူကြိုးစား၍ အသိစိတ်ကို စုစည်းလိုက်သည်။ သူအစာအစားရခဲ့သည်မှာ သုံးရက်လား၊ လေးရက်လား မမှတ်မိတော့။

ထိတ်လန့်စွာဖြင့် မျက်လုံးများပြန်ဖွင့်လိုက်သည်။ မညီညာသော ကျောက်ဆောင်ကြီးများကြားတွင် သူရောက်နေသည်ကို တွေ့လိုက်ရသည်။ ရှိသမျှအားကိုစုကာ အတောင်ပံနှစ်ဘက်နှင့် အားယူယင်းခြေထောက်များပေါ်တွင် မတ်တက်ရပ်နိုင်အောင် ကြိုးစား၏။ မရ။ စိုးရိမ်နေသော စိတ်နှင့်အတူ

ကြည့်လိုက်သည်။ သူ၏ခြေထောက်တစ်ချောင်းသည် ကျောက်ပင်ကြားအက်တစ်ခု၏ကြားထဲတွင် ညှပ်လျက်ရှိနေသည်။

ကြောက်လန့်ခြင်းဝေဒနာသည် အားငယ်ခြင်းကို အစော်ပြု၍ ရင်တွင်းသို့ အတင်းအဓမ္မဝင်ရောက်လာသည်။ မျက်နှာပေါ်မှ ချွေးစက်များသည် ဆီးကင်းခန့်ကြီး၍ကြီးကာလာ၏။ ကျန်နေသေးသော ခြေထောက်တစ်ချောင်းကို အားပြု၍ ညှပ်နေသော ခြေထောက်ကိုဆွဲထုတ်ရန် ကြိုးစား၏။ သူ့အသည်းနိုက်အောင်နာကျင်သွားသည်။ ညှပ်နေသော ခြေထောက်သည် သွင်သွင်ကျိုးသွားလေပြီ။ စိတ်ဓာတ်ကျစွာဖြင့် သူ့ဦးခေါင်းသည် ပြန်မော့လာသည်။ ရင်ဝသို့ အမှုလုံးတစ်ခုထပ်၍ ဆောင့်သည်။ မျက်ရည်များသည် တား မနိုင်ဆီးမရကျလာသည်။ မကြည့်ရဲတော့သောကြောင့် မျက်လုံးကို မှိတ်ပစ် လိုက်သည်။

မျက်လုံးထဲတွင် ကျောက်ဆောင်ငေါ်ကြီးတစ်ခုပေါ်တွင် သူ့အခြေအနေကို စောင့်ကြည့်နေကြသော လင်းတများ။ အကြောင်းသည် အကျိုး၏အကြောင်းဖြစ်သည်။ အကျိုးသည် အကြောင်း၏အကျိုးဖြစ်သည်။

တရောကာတောအုပ်သည် တောလိယတောင်ခြေတွင် ရှိသည်။ တောလိယတောင်ပေါ်မှ တောင်ရိုးတလျှောက်ဖြတ်သန်း စီးဆင်းလာသော တောင်ကျချောင်းကလေးသည် တရောကာတောအုပ်ကိုဖြတ်၍ မြောက်အရပ်ဆီသို့ ဆက်လက်စီးဆင်းသည်။ ထိုချောင်းကလေးကြောင့် တရောကာတောအုပ်၏ ကျက်သရေသည် ပိုမိုတင့်တယ်နေဟန်ရှိသည်။ တရောကာတောအုပ်၏ ညနေပိုင်းအချိန်များတွင် ထိုချောင်းကလေး၏ အနီးတဝိုက်၌ ရေလာသောက်ကြသော တိရစ္ဆာန်များနှင့် စည်စည်ကားကားရှိနေမြဲ။

တရောကာတောအုပ်နေ တိရစ္ဆာန်များ၏ရေလိုအပ်မှုကို ထိုချောင်းကလေးက တာဝန်ယူဖြည့်ဆွက်ပေးလျက်ရှိသည်။ နွေရာသီ၏ပူပြင်းသော ကာလများတွင် ကား ရေခန်းသွယောင်ရှိ၏။ သို့ရာတွင် ထိုချောင်းကလေးအပေါ်သို့ မိုးထားသော သစ်ပင်ကြီးများကြောင့် ရေခန်းခြောက်မှုမှာ သိပ်မကောင်းလှ။ မိုးရာသီထက်စာလျှင် ရေနည်းပါးသည်မှအပ ရေရှိမြဲရှိနေသည်။ ထို့အတွက်ကြောင့် နွေရာသီ၏ ညနေခင်းများတွင်လည်း ထိုချောင်းကလေးတွင် ရေသောက်သူ တိရစ္ဆာန်များဖြင့် စည်စည်ကားကား ရှိနေတတ်သည်ပင်။

တရာကာတောအုပ်၏ တိရစ္ဆာန်များကလည်း ညီညီညွတ်ညွတ်ရှိကြသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက ဤတောအုပ်ကလေးတွင် သူတို့၏ ဘိုးဘွားများစွာသားစဉ်မြေးဆက် တစိုက်မတ်မတ်နေထိုင်လာခဲ့ကြသည်။ နေရာဒေသ၏ ကောင်းမွန်ခြင်း၊ တောအုပ်တွင်း၌ အစားအသောက်ကြွယ်ဝခြင်း၊ တောင်ကျချောင်းကလေး၏ ရာသီပေါ်လိုက်၍ မဖောက်ပြန်တတ်ခြင်းတို့ကြောင့် ဤတောအုပ်ကလေးလည်း လူတို့မျိုးနွယ်စုအတွက် နိုလှုံရာနေရာလေးဖြစ်နေခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ။

သူတို့ တောအုပ်ကလေး၏ သဘာဝသည် နှစ်သက်ဖွယ်ရာဖြစ်သည်။ ရှေးကသူတို့မျိုးစု၏လူကြီးများချမှတ်ခဲ့သော စည်းမျဉ်းများကိုမည်သူမျှ မဖောက်ဖျက်ကြ။ သဘာဝမတူသော တိရစ္ဆာန်များကိုယ့်အစုနှင့် ကိုယ်စုရုံးနေထိုင်ကြသည်။ တစ်ဦး၏နယ်မြေကို တစ်ဦးကကျူးကျော်ခြင်းဟူသော ပြဿနာမျိုး တရာကာတောအုပ်၏ သမိုင်းတွင်မရှိခဲ့။ သာယာလှသော တောအုပ်ကလေးသည် အဝေးမှကြည့်လိုက်တိုင်း အစဉ်အမြဲကြည်နူးစရာ ကောင်းနေသည်။

သူတို့ဘိုးဘွားများချမှတ်ခဲ့သော စည်းမျဉ်းတစ်ခုသည် လေးစားဖွယ်ရာပင်ဖြစ်သည်။ တော၏သဘာဝအရ အသားစားသော ခြင်္သေ့၊ ကျား၊ မြေခွေးစသော သတ္တဝါများသည် သမင်၊ ချေ၊ ဇိုင်၊ ဆတ်၊ ယုန်စသော သတ္တဝါလေးများ၏ အသက်ကိုသတ်ဖြတ် စားသောက်ရမည်ဖြစ်သော်လည်း ညနေပိုင်းရေသောက်ချိန်သည် ငြိမ်းချမ်းရေးကာလပင်ဖြစ်သည်။ တောအုပ်ကလေး၏ တစ်ခုတည်းသော ချောင်းကလေးတွင် မည်သည့်အခါတွင်မျှ သွေးချောင်းမစီးစေရ။ ညနေပိုင်းရေသောက်ချိန်သည် မိမိအသက်ဆက်လက်တည်မြဲရေး ရေအတွက် သာလာရမည်။ ဤအချိန်တွင် အမဲမလိုက်ရ၊ အားနည်းသော သတ္တဝါငယ်များကိုရန်မပြုရ၊ မသတ်ဖြတ်ရ၊ လေးစားစရာကောင်းသော ဤစည်းမျဉ်းကလေး ကြောင့် တရာကာတောအုပ်ကလေး၏ ညနေပိုင်းရေသောက်ချိန်သည် အမြဲပင်တိရစ္ဆာန်မျိုးစုံတို့၏ ကြည်နူးဖွယ်ကောင်းသော နွေးထွေးမှုများဖြင့် အရောင်စုံသော ပန်းချီကားတချပ်ပင်တည်း။

သူသည် ငှက်အုပ်စုမှဖြစ်သည်။ အမြင့်၌ ပျံသန်းကျက်စားတတ်သော ချွန်ထက်သော နှုတ်သီးနှင့်ခြေသည်းများကို ပိုင်ဆိုင်သောစွန်ရဲတို့၏အမျိုး ဖြစ်

သည်။ သူ၏အသိုက်သည် တရာကာတောအုပ်၏မြင့်မားသော သစ်ပင်ကြီးများ၏ ကိုင်းခွများကြား၌ တည်ရှိသည်။ အတောင်ပါသော သဘာဝကြောင့် ကောင်းကင်၌ ပျံသန်းယင်းအစာရှာတတ်သည်။ စူးရှသောမျက်လုံးများ၊ ချွန်ထက်သော ခြေသည်းများဖြင့် မြေပြင်ရှိသားကောင်ကို သွေးအေးစွာ ဖမ်းယူစားသောက်တတ်သည်။ ရေအတွက်မူကား ယိုချောင်းကလေးတခုသာ အားကိုးရာရှိသည်။

မနက်အရုဏ်တတ်ချိန်မှစ၍ အစာရှာထွက်လာခဲ့သောသူသည် မွန်းတည့်ချိန်ရောက်သည့်တိုင်အောင် အစာအရသေး။ ပူလောင်လှသော အစာအိမ်၏ဒုက္ခကို နာကျင်စွာကြိတ်မှိတ်ခံစားယင်း စူးရှသောမျက်လုံးများက သားကောင်ကိုအငမ်းမရ ရှာဖွေလျက်ရှိသည်။ တကြော့ကြော့ ပြည့်နေသော ဝမ်းဗိုက်ကြောင့် သူသည် အင်အားကို ဆတိုးတိုး၍ပျံဝဲလိုက်စဉ်။

မျက်လုံးထဲ၌ရိပ်ကနဲ သားကောင်ကိုမြင်လိုက်ရသည်။ ဆူဖြိုးလှသော ယုန်သူငယ်ကလေးတကောင်သည် ကောလိယတောင်ခြေရှိ ကိုင်းသောများထဲတွင်အပြေးအလွှား အစာရှာနေသည်။ တနေရာမှတနေရာသို့ လျင်မြန်စွာဖြတ်သန်းယင်း သစ်ဥ၊ သစ်ဖုများကို မနားတမ်းရှာဖွေလျက်ရှိသည်။

အမြင့်၌ ပျံသန်းနေသော သူသည်ရုတ်ခြည်းပင် စိတ်အာရုံကိုစုစည်းလိုက်သည်။ မြေပြင်ရှိသားကောင်နှင့် အနီးဆုံးစူးစိုက်၍ ပျံဝဲလိုက်သည်။ ယုန်ကလေးကမူ သူ့ကိုမြင်ဟန်မတူ၊ တဖြည်းဖြည်းနှင့်သူသည် သားကောင်ကို ဖမ်းဆီးရန် အကောင်းဆုံးအနေအထားသို့ ရောက်နေလေပြီ။ သားကောင်ကို သုတ်ယူရန် သူ၏ ခြေထောက်များမှ ချွန်သော ခြေသည်းများကို အသင့်ပြင် ဆင်လိုက်သည်။

မမျှော်လင့်သော အခြေအနေသည် ရုတ်တရက်ဖြစ်ပေါ်လာခဲ့သည်။ မည်သည့်အချိန်က ချောင်းနေမှန်းမသိသော မြေခွေးတစ်ကောင်သည် ယုန်ကလေးကိုရုန်အုပ်ဖမ်းဆီးလိုက်သည်။ ယုန်ကလေးကား မြေခွေး၏ချွန်ထက်သော အစွယ်များကြားတွင်မရှုအလှ။

စွန်ရဲ၏မျက်လုံးများသည် မီးဝင်းဝင်းတောက်သွားသယောင် ထင်လိုက်ရ၏။ သားကောင်ကို ဖမ်းဆီးရန် ပြင်ဆင်ပြီးထားသော အနေအထားဖြစ်သော ကြောင့် သူ၏အရှိန်ကို မသတ်နိုင်တော့။ သူ၏ဦးတည်ရာသည် မြေခွေး၏ မျက်နှာ ဖြစ်သွားသည်။ ပစ်မှတ်သည် မထင်မှတ်ပဲ ပြောင်းလဲသွားသောကြောင့် သူ၏

ပထမအချီတိုက်ခိုက်မှုသည် မြေခွေးအား သိပ်မထိခိုက်စေခဲ့။ ခြေသည်းများ ဖြင့် မြေခွေး၏မျက်လုံးကို ဆုတ်ယူဆွဲငင်လိုက်သော်လည်း မုဆိုးဖြို၏နှာနကိုသာ ဖြတ်ရိုက်မိလိုက်သည်။

မြေခွေးသည် ပြင်ဆင်ချိန်မရလိုက်သောကြောင့် အငိုက်မိသွားသည်။ ပါးစပ်ထဲသို့ ရောက်နေပြီဖြစ်သော သားကောင်သည် ထွက်ကျသွားသည်။ မြေခွေး ကိုယ်တွင်းရှိ သွေးကြောများဖြန်းကနဲဆူသွားသည်။ ယောင်ယမ်း၍ မှိတ်လိုက် သော မျက်လုံးကိုပြန်ဖွင့်လိုက်ချိန်တွင် စွန်ရဲ၏နောက်ပိုင်းကိုသာ ရေးရေး မြင် လိုက်သည်။

မြေခွေးပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်လိုက်ချိန်တွင် စွန်ရဲကား ဒုတိယ အချီအတွက် အသင့်ဖြစ်နေလေပြီ။ ဒီတချီတွင် နှစ်ဦးစလုံးမသက်သာကြ။ စွန်ရဲ၏ ခြေသည်းများသည် မြေခွေး၏နားရွက်များကိုစုတ်ပြတ်သွားစေခဲ့သလို မြေခွေး၏ သွားများကြောင့်လည်း စွန်ရဲ၏ကိုယ်မှ အမွေးအတောင်များ ကျွတ်ထွက် သွားသည်။ နှစ်ကောင်စလုံးကား သွေးဆူနေကြလေပြီ။

တတိယ အချိန်မှတော့ နှစ်ကောင်စလုံးအရမ်းမဝင်ကြတော့ဘူး။ တစ် ယောက်တစ်ချက်စီ ထိထားသည့်အပြင် ဝမ်းဗိုက်ဟောင်းလောင်းများကြောင့် အားအင်ပို၍စိုက်ထုတ်လိုက်ရသည်။ တစ်ဦးအလစ်ကို တစ်ဦးက ချောင်းယင်း အခြေအနေကို အကဲခတ်နေကြသည်။ တော်တော်နှင့်တိုက်ပွဲသစ်ကို မစဖြစ်ကြ။

စွန်ရဲသည်လည်း တိုက်ပွဲကို အဆုံးသတ်ရန်ဆုံးဖြတ်လိုက်သည်။ မြေ ခွေးနှင့်မျက်နှာချင်းဆိုင်နေရာမှ ရုတ်တရက်ပင် မြေခွေး၏ နောက်ကျောဘက် သို့လှည့်၍ နေရာပြောင်းလိုက်သည်။ မြေခွေးသည် ထိတ်လန့်စွာဖြင့် နောက်ကျော မှရန်သူကို ရင်ဆိုင်ရန် ကိုယ်ကိုလှည့်လိုက် သော်လည်း အချိန်မီ လိုက်နိုင်တော့။ မြေခွေး၏ကျောကုန်းသည် ဓားများ၏အထိုးခံလိုက်ရသလို ခံစားလိုက်ရသည်။ နာကျင်စွာအော်ဟစ်လိုက်သော အသံနက်ကြီးသည် ကောလိယတောင်ခြေ တဝိုက်တွင် ပဲ့တင်ထပ်သွားသည်။ စွန်ရဲ၏ခြေသည်းများသည် မြေခွေး၏ကျော ပေါ်တွင် စူးစူးနစ်နစ်ဝင်နေလေသည်။ ဆက်လက်၍နှုတ်သီးများဖြင့် မြေခွေး၏ မျက်လုံးများကို ထိုးသုတ်ဖောက်ခွဲလိုက်သည်။ မြေခွေးသည် နာကျင်လွန်းလှ သဖြင့် သွေးရူးသွေးတန်း အော်ဟစ်ရုန်းကန်နေသည်။

စွန်ရဲသည် သူ၏ခြေသည်းများကို ပြန်လည်၍ နုတ်ယူလိုက်ယင်း အတောင်ပံများဖြင့် မြေခွေးကိုညှပ်ရိုက်ပစ်လိုက်သည်။ မြေခွေးသည် ပုံလျက်သား ကျသွားရာမှ ခြေထောက်ကိုတရွတ်တိုက်ဆွဲ၍ တိုက်ပွဲမှဝေးရာသို့ ပြေးရုန်းကြိုး စားနေလေပြီ။ စွန်ရဲကားမြေခွေး၏အခြေအနေကို စောင့်ကြည့်နေလိုက်သည်။ မြေခွေးကား ရှုံးပြေးပြေးပြီဖြစ်သည်။ စွန်ရဲသည် ယုန်သေဆီသို့ အမြန်ဆုံးရောက် သွားသည် စွေ့ကနဲနေအောင် သုတ်ချီသွားယင်း ကောလိယတောင်ဘက်ဆီသို့ ဦးတည်ကာ ပျံသန်းသွားလေတော့သည်။

တရောဏတောအုပ်ကလေး၏ သတ္တဝါများအတွက် ပြဿနာတခုနှင့် ရင်ဆိုင်လိုက်ရသည်။ မမျှော်လင့်ပဲနှင့် ချောင်းကလေး၏နှစ်ဝဉ်လာနေကျ စီးဆင်း နေကျတောင်ကျစမ်းရေသည် နွေရာသီတွင်ခြောက်ခန်းလုမယောင် ဖြစ်သွားခဲ့ သည်။ တောအုပ်၌ နေထိုင်ကြရသော သတ္တဝါငယ်လေးများအဖို့မှာကား ရေပြဿ နာကို ရင်ဆိုင်လိုက်ကြရသည်။ ရေနေသတ္တဝါများ အဖို့မှကား ဆိုဖွယ်ရာမရှိချေ။ ခြောက်သွေ့သော နွေရာသီအောက်တွင် အလူးအလဲခံနေကြရ သည်မှာ ကြည့် ရက်စရာမရှိ။ တရောဏတောအုပ်ကလေးရှိ သတ္တဝါတို့အဖို့ ကပ်ရောဂါတခုကျ ရောက်ခဲ့ပြီဖြစ်သည်။

စွန်ရဲ၏ဦးတည်ရာသည် ကောလိယတောင်ပေါ်သို့ဖြစ်သည်။ ရေကြောင့် ရင်ဆိုင်ရသော အာခေါင်ခြောက်မှုများနှင့် အတူ အင်အားချည့်နဲ့စွာ ပျံသန်း လျက် ရှိသည်။ ပူပြင်းလှသောနေရောင်အောက်တွင် ခရီးမတွင်ချင်လှ။ သို့ရာတွင် ချောင်း ကလေးသို့ စီးဆင်းလာသော ရေလမ်းကြောင်းကို တွက်ဆ၍ကောလိယတောင် ပေါ်သို့ရောက်တော့မည်ဖြစ်သည်။ နောက်ဆုံးတကျော့ရှိသမျှအားလုံးကို အသား ကုန်တင်လိုက်သည်။ သူ့မျက်လုံးများ ဝင်းကနဲလက်သွားသည်။ ရေအပြည့်နှင့် ရေ ကန်ကြီးတကန်ကိုတွေ့လိုက်ရလေသည်။

မြေသဘာဝပြောင်းလဲမှုကြောင့် ချောင်းကလေး၏စီးဆင်းရာလမ်း ကြောင်းသည်ကား တမျှော်တခေါ်ကြည့်၍မြင်နိုင်လောက်သည်။

စွန်ရဲသည် မြူးတူးစွာ ရေအိုင်တွင်းသို့ ခုန်ဆင်းလိုက်သည်။

တရောဏ တောအုပ်၏သတ္တဝါကြီးပိုင်းများခေါင်းခဲနေကြရလေပြီ။ ချောင်းကလေးရေခန်းမှုပြဿနာသည် ဝန်ထုပ်ဝန်ပိုးတခုဖြစ်နေလေသည်။ ခေါင်း

ချင်းဆိုင်၍ အမြေရှာလိုက်ကြသောအခါတွင် အားလုံးများ၏ မျက်လုံးသည် ကောလိယတောင်ပေါ်သို့ တပြိုင်တည်းစူးစိုက်မိကြသည်။

မကြာမီ ကာလအတွင်း သဘာဝ၏အင်အားကို ညီညာစွာ ရင်ဆိုင်လိုက်ကြသည်။ ရေဆင်းရာလမ်းကြောင်းကို တရာဏတောအုပ်ဘက်ဆီသို့ သတ္တဝါအများစုပေါင်း၍ ပြုပြင်လိုက်သည်။ စမ်းချောင်းလေးသည်ကား တရာဏတောအုပ်ဆီသို့ ကြည်လင်စွာ စီးဆင်းသွားလေပြီ။

ဒုတိယပြဿနာကား ဗွန်ရဲ၏ပြဿနာဖြစ်သည်။ သတ္တဝါအားလုံးတို့၏ စက်ဆုပ်ရွံရှာသော အကြည့်စုံသည် ဗွန်ရဲ၏ပတ်ဝန်းကျင်အနံ့၊ ရေကိုတွေ့ရှိလျက်နှင့် သတ္တဝါချင်းမရှိုင်းပင်ချင်သော ဗွန်ရဲ၏ခန္ဓာကိုယ်သည် တစစီဖြစ်သွား ပေလိမ့်မည်။ သို့ရာတွင် သတ္တဝါတို့များ၏ဒေါသစိတ်ကို သတ္တဝါကြီးများက ထိန်းသိမ်းထားသဖြင့် ဗွန်ရဲအဖို့ သက်သာရာရခြင်းဖြစ်သည်။ အားလုံး၏ဆုံးဖြတ်ချက်အရ ဗွန်ရဲအား ကောလိယတောအုပ်မှ နှင်ထုတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဗွန်ရဲကားအပြုံးမပျက် ကောလိယတောနေသတ္တဝါများ၏ အဝေးသို့ ပျံသန်းသွားသည်။

အကြောင်းသည်အကျိုး၏ အကြောင်းဖြစ်သည်။
အကျိုးသည်အကြောင်း၏ အကျိုးဖြစ်သည်။

နိုးလွင်လွင်

△△△

## ◉ ကာလတန်ဖိုး

နိုးကျွင်လွင်

အလင်းနှစ်ပေါင်းများစွာ ဝေးကွာသောအရပ်မှ သူ့ကိုကွန်ပျူတာစွက် ကလေးမှ တစ်ဆင့် မြင်နေရသည်။ နှလုံးသားအတွင်း၌ ကျန်ရစ်နေ ဆဲဖြစ် သော ပုံရိပ်ဟောင်းများ၏ သံတွဲကြိုက မပျက်ပြယ်သေး။ ထိုစဉ်က တွေ့ခဲ့ရသလိုပင်။ သူ၏ ရုပ်ရည်သည် ပြောင်းလဲပုံမှသိပ်မရှိ။ မျက်လုံးအရောင် ခပ်မှိုင်းမှိုင်း။ ဝတ်စား ဆင်ယင်မှုသည်လည်း ခပ်မှိုင်းမှိုင်းပင်။ ရုတ်ခနဲတွေ့လိုက်ရသော သူ့နောက်လိုက် ရန် အသင့်ပြင်လိုက်သည်။ အဆင်သင့်ပွင့်နေသော အလင်းတံခါးမှ တစ်ဆင့် သူ့ရှိရာအရပ်သို့ တက်လိုက်သည်။

စိတ်ကူးနှင့် တစ်ရှိန်ထိုးလိုက်မိသည်။ တရိပ်ရိပ်ဖြတ်သန်းနေသော အချိန်များသည် လှစ်ခနဲ၊ လှစ်ခနဲ အနောက်ဘက်တွင် ကျန်ရစ်သည်။ စိတ်ကူး အလျှင်မြန်မှုနှုန်းအလွန်မြန်နေသည်ကို ခံစားမိသော်လည်း ဦးနောက်အလုပ်လုပ် သည့် နှုန်းကိုမလျှော့ပေ။ ဆီဖြည့်စရာမလိုသော ဝိညာဉ်ယာဉ်ပျံသည် တရိပ် ရိပ်။

တအိအိဆင်းနေသော လှသားရေစီးကြောင်းကြီးထဲမှာ မျော၍လိုက်ပါနေရင်း၊ အရှိန်ကိုတိုးမြှင့်နေမိသည်။ ကျော်တက်သွားကြသော လှသားများ နောက်ကျန်ရစ်ခဲ့ကြသော လှသားများကြားတွင်၊ သူ့မျက်နှာကို မြင်လိုက်ရသည်။ ခါးပိုက်ထောင် အိတ်ငယ်အတွင်းမှ အလင်းစွမ်းအင်ဗူးငယ်ကို တင်းတင်းဆုပ်ရင်း သူရှိရာ အရပ်သို့တိုးကပ်လိုက်သည်။ ဖျက်ခနဲလင်းလက်သွားသော မျက်ဝန်းနှစ်စုံသည် အလွန်သေးငယ်သော တစက္ကန့်၏ ဆယ်ပုံတစ်ပုံ၌ တစ်ချက်ဆုံမိပြီး နောက်စကြွာအာရုံတစ်ခုလုံး မှောင်အတိကျသွားသည်။

ရုတ်တရက် ပြန်လင်းလာသော ကမ္ဘာသည် လည်ပတ်လျက်ရှိသည်၊ တဖြည်းဖြည်းနှင့် သစ်ရွက်တို့၏ လေတိုးသံများ ငှက်ကလေးတို့၏ တေးဆိုသံများကို သောတဘက်တွင် တစ်စတစ်စဖြေးညင်းစွာ ကြားရသည်။ စိမ်းညို့နေသော တောင်ကမ္ဘားယံကြီးနှင့် ဆက်စပ်လျက်ရှိသော ပင်လယ်ပြင်သည် အပြာရောင် လှဲ့လှဲ့တောက်ပနေသည်။ မျက်နှာကို တိုက်ခတ်လာသော ပင်လ သိလေနုအေးသည် စိတ်ဓာတ်အင်အားကို ရုတ်ချည်း စုစည်းမိစေရန် သတိပေး လိုက်သကဲ့သို့ရှိသည်။ အလင်းစွမ်းအင်ဗူးငယ်ကို စမ်းကြည့်ရင်း မျက်စိတစ်ဆုံး ဝေ့ကြည့်လိုက်မိသည်။

ခရမ်းရောင်တောက်နေသော မိုးကောင်းကင်သည် လှိုင်းလုံးရှက်ချက်တစ်ခုကို ဖုံးကွယ်ထားသယောင် စိုးစိမ်မှုမရှိသော မသက်စိတ်ဖြင့် ငူးစမ်းနေစဉ် အနောက်တောင်ဘက် အရပ်ဆီမှ ဝေ့ခနဲဝင်လာသော သူ့ကို မြင်လိုက်ရသည်။ နှုတ်ရားမှ လွှတ်ခနဲသူ့အမည်ကို ရေရွတ်လိုက်မိပြီး တစ်ပြိုင်နက်တည်းပင်ဆုပ်ထားသော လက်ဖဝါးကိုဆန့်တန်းရင်း ဖြည်းချပြလိုက်သည်။ လက်ဖဝါးပေါ်မှ အလင်းစွမ်းအင်ဗူးငယ်သည် မျက်စိကျိန်းလောက်အောင် အရောင်တောက်ပလျက်ရှိသည်။ သူရှိသည့် လားရာအတိုင်းအလျင်ကို လျော့ချရင်းမျောသွားလိုက်သည်။

သူမြင်သွားခဲ့ချေပြီ။ မြင်လျှင်မြင်ချင်းပင် သူသည် ဦးတည်ဘက်လားရာကို အကျိုးဖက်တာ အရှေ့မြောက်ဘက်သို့ ပြောင်းလဲလိုက်သည်ကို တွေ့ရသည်။ ထိတ်လန့်နေသော မျက်နှာပေါ်မှ အပြုံးတုသည် အေးစက်စက်နှင့် မာကျော

နေသည်။ အသံ၏ အလျင်နှုန်းမျှသော အရှိန်ဖြင့်သွားနေသောသူ့ကို အမို လိုက်ရင်း မျက်လုံးများဖြင့် စကားပြောကြည့်သည်။ လက်ဖဝါးပေါ်မှ အလင်းစွမ်းအင်မှုသည် သူ့ပုစ္ဆာအဖြစ်ကြောင်း သိစေလိုသည်။ သူနားလည်သော စကြာဝဠာသုံး သင်္ကေတဖြင့် ပြောခွင့်ရအောင်ကျန်လက်တစ်ဘက်ကို လှုပ်ရှားပြသည်။ ကြည့်နေသည့် သူ့မျက်လုံးများတွင် အဓိပ္ပာယ်ပေါ်မှုမရ။ နားလည်ရခက်သောသူ့ကို ဆက်သွယ်မှုရအောင် ကြိုးစားရင်း ကြိုးစားရင်းနှင့် ဇောချွေးများ ပြန်လာသည်။ စက္ကန့်မှန်များသည် တစ်လက်လက်စီးဆင်း နေဆဲဖြစ်၍ အချိန်သည် မျှားတစ်စင်းအလား လျှင်မြန်လွန်းနေသည်။ စက်ရာသီခါင် ပြောင်းလဲတော့မည့် နိမိတ်များကိုကောင်းကင်ရှိ ကြယ်များက ပုံရိပ်စစ်ဖော်ပေးသကဲ့သို့ရှိနေသည်။ ရုတ်တရက် ပြောင်းလဲသွားသည့် အချိန်အတွင်း ပင်လယ်တွင်းမှ လှိုင်းတံပိုးများသည် တလိပ်လိပ်တက်လာပြီး လေပြင်းများလည်း တိုက်ခတ်လာသည်။ ဒယိမ်းဒယိုင်ဖြင့် သူရှိရာအရပ်သို့ တိုးသွားဆဲ၌ပင် လောကပြင်တစ်ခုလုံးကို ပင်လယ်ရေများ ဖုံးလွှမ်းသွားလေသည်။ အချိန်မဲ့ကာလတစ်ခုဆီသို့ အာရုံပြုလိုက်သည်။

မြင်နေရသော ရေအောက်ကမ္ဘာသည် လွန်စွာလှပလျက်ရှိသည်။ သန္တာကျောက်ခက်များကြားတွင် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေသော အရောင်စုံလင်လှပငါးကလေးများ ရေစီးကြောင်းအတိုင်း မျောပါနေကြသော သမုဒ္ဒရာရေ မှော်ပင်ကလေးများ ရေညှိဖုံးလွှမ်းနေသော ကျောက်တောင်ကြီးများဖြင့် မျက်စိပစာသဖြစ်လှသည်။ ဘာသာဘာဝလှုပ်ရှားနေသော ရေသတ္တဝါလေးများကို ကြည့်ရင်းတဒင်္ဂမျှ သာယာကြည်နူးမိနေသည်။ ထိုခဏအတွင်း ဖြတ်သန်းသွားသော စိတ်တံလျှပ်ကို သတိထားမိမှ စိတ်အရှိန်ကို သတ်မိသည်။

ဦးနှောက်၏ သတင်းပို့မှုကြောင့် မျက်လုံးများက တစ်စုံတစ်ယောက်သောသူကို အငမ်းမရရှာ ရှာဖွေလိုက်ပြန်သည်။ မျက်စိ၏ မြင်နိုင်စွမ်း ဒေသအတွင်း အပြည့်အဝ စူးစိုက်ကြည့်ရှုသည်။ ရေလုံမျက်မှန်ထဲမှ တစ်ဆင့်မြင်နေရသော ရေအောက်ရှုခင်းသည် ထူးခြားမှုမရှိသယောင်။ အတိအကျဝေခွဲမရသော စိတ်ခံစားဖြင့် မျက်လုံးကို လှည့်ပတ်ကစားနေမိသည်။ သဘာဝသည် သဘာဝ

ကျူးကျော်ရှားနေဆဲ။ သူဒီနေရာမှာ ရှိရမည်ကို အသိစိတ်ထဲ၌ သေချာသိသည်။ မည်သည့်အတွက်ကြောင့် မတွေ့ရပါသနည်း။ အသိစိတ်သည် ဆုဝေလျက်။

သက်ပြင်းတစ်ခုကို လျှော့ချလိုက်ရင်း ခရီးဆက်လက်ထွက်ခွာရန် ပြင်ဆင်လိုက်သည်။ ရေအောက်လှသွားလမ်းလေးအတိုင်း သတိကြီးစွာဖြင့် လိုက်ပါသွားသည်။ ကျောက်ရေညှိများ ဖုံးလွှမ်းနေသော ကျောက်ဆောင်ကြီးများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့ရသည်။ အုပ်စုအလိုက် ကူးခတ်သွားလာနေကြသော ငါးကလေးများ များစွာကို ရှောင်ရင်းတိမ်းရင်းနှင့် ကျောက်ဆောင်ကြီးများအဆုံးသို့ ရောက်ရှိလာလေသည်။ အရှေ့တွင်ကား တစ်မျှော်တစ်ခေါ် ရှုမဆုံးသည့်ရေအောက်လွင်ပြင်ကြီးတစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ရသည်။ လွင်ပြင်၏ ဟိုးဖက်တစ်စွန်းတစ်ဘက်တွင် ရှာနေသော သူ့ကိုဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင်တွေ့လိုက်ရသည်။ ဆောင့်တက်လာသော ရင်ခုန်နှုန်းကို လျှော့ချရင်းကြည့်နူးမိသည့်စေ့စွ အာရုံကို ခံစားလိုက်ရသည်။ မျှော်လင့်နေဆဲအချိန်တွင် ပက်ပင်းကြီးတွေ့လိုက်ရသဖြင့်လည်း ပိုမိုဝမ်းမြောက်မိသည်။

လက်ကို မြှောက်၍ သူ့ကို နှုတ်ဆက်လိုက်သော်လည်း သူသည်တစ်ခါမျှမမြင်ဘူးသော တစ်စိမ်းတစ်ယောက်၏ မျက်လုံးများဖြင့် စိမ်းစိမ်းကြီးကြည့်နေသည်။ ထို့နောက် ရှာခနဲအနောက်သို့လှည့်ကာ ပြေးထွက်သွားလေတော့သည်။ သူ၏နာမည်ကို တကျော်ကျော်အော်ဟစ်ရင်း သူ့လမ်းကြောင်းအတိုင်း လိုက်သွားသော်လည်း မျက်စိရှေ့တွင် မြင်နေရင်းက သူ့ကိုမတွေ့ရတော့။ ရေအောက်လွင်ပြင်လမ်း အဆုံးတွင် အသူတရာမျှ နက်ရှိုင်းလှသော ရေအောက်ချောက်ကမ်းပါးကြီးတစ်ခုကိုသာ ငုံ့ကြည့်လိုက်ရသည်။

သူဘယ်ကိုများ ဆင်းသွားပါလိမ့်။ မဝဉ်းစားတတ်တော့သော ဦးနှောက်သည် ပလုံစီထလျက်ရှိသည်။ အချိန်ကို သိချင်ဇောကြောင့် အိတ်ဆောင် နာရီကို ထုတ်ကြည့်လိုက်မိသည်။ တစ်ဆယ့်နှစ်နာရီတိတိကို ညွှန်ပြနေသော ရေသည် မိုးစုန်းဓာတ်ကြောင့် လင်းလက်လျက်ရှိသည်။ အဝေးထိန်းချုပ်မှု ကရိယာကို ကြည့်လိုက်ပြီး အလင်းတံခါးဖွင့်ခလုပ်ကို နှိပ်လိုက်သည်။ အလင်းဓာတ်လှေကားအတိုင်း ရှေ့သို့ခရီးဆက် ရှာဖွေရန် စိတ်ကူးရှိသည်။

စနီးတော်မပေါ်ခင် ကာလယန္တရားထဲတွင် သူ့ကိုတွေ့လိုက်ရသည်။ ကျောက်ခေတ်လူသားတစ်ဦး၏ အနီးတွင်ထိုင်နေသော သူ့ကို ရုတ်တရက် မမှတ်မိ။ နွတ်ခမ်းမွှေးများ မုတ်ဆိတ်ကျင်စွယ်များ ထူရှုပ်နှင့် ညှင်းသိုးသိုးရုပ်ကို မနည်းကြီး ဖမ်းယူရသည်။ သူ့အနီးသို့ရောက်သောအခါ နွတ်ဆက်ရန်လက်ကို ကမ်းပေး လိုက်သည်။ နေးကွေးစွာဖြင့် သူ၏လက်တစ်ဘက်မြှောက်၍လာသည်။ နွတ်ဆက်လိုက်သော အမူအရာသည် အသက်လုံးဝမရှိ။ သူကိုယ်သူပင် သူဘာလုပ်လိုက် မှန်းကို သိပုံမရ။

လက်ဝဲလက်ဖြင့် အတွင်းအိတ်ထဲမှ အလင်းစွမ်းအင်ဗူးကို ဂရုတစိုက်ကိုင်ရင်း သူ့ဆီသို့လှမ်းလိုက်သည်။ အလင်းစွမ်းအင်ဗူးကို ကြည့်ရင်းနှင့် ပင်သူ၏မျက်လုံးများသည် အရောင်များတောက်ပလာသည်။ တုန်ရီနေသော လက်များဖြင့် လှမ်းယူလိုက်သော သူ့ကိုကြည့်ရင်း ရင်ထဲ၌ ဝီတိစိတ်များ တဖွားဖွားပေါ်ပေါက်လာသည်။

သူ့လက်ထဲသို့ရောက်သွားသောအလင်းစွမ်းအင်ဗူး၀ယ်မှာ သူ့ပစ္စည်းအမှန်စင်စစ်ဖြစ်သည်။ တာဝန်ကျေသောအသိစိတ်ဖြင့်ပင် ပစ္စုပ္ပန်သို့ပြန်ရမည်ဖြစ်သည်။ ဝီတိတန်ဖိုးကိုတော့ မည်သူမျှမသိနိုင်ချေ။

စိုးလွင်လွင်(၂၆.၆.၈၇)

△△△